# မြဝတီ နေ့စဉ်

မုန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၂၀)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၄ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကိုအနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ရောက်ရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအားကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် မတ် ၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ဖိတ်ကြားချက်အရ တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှထွက်ခွာသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့်

**စာမျက်နှာ ၁၆ ကော်လံ ၁** ★




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၄ ရက်)

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး တိုးမြှင့်ဆောင်ရွက်

တရားမဝင်ကုန်သွယ်မှုများသည် အကျင့်ပျက်ခြစားမှု၊ အကြမ်းဖက်မှု၊ ရာဇဝတ်မှုကျူးလွန်မှုနှင့်အကြမ်းဖက်သမားများအား ငွေကြေးထောက်ပံ့မှုများကြောင့်လည်း မတည်မငြိမ်ဖြစ်မှုများအပါအဝင် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအတွက် အားနည်းချက်များဖြစ်ပေါ်စေလျက်ရှိသည်။ နယ်စပ်များတွင်ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုကိစ္စများနှင့်ဆက်နွှယ်၍ လောင်းကစားမှုများ၊ လူကုန်ကူးမှုများ၊ ရာဇဝတ်မှုများ၊ လက်နက်ကိုင်ဆောင်၍ပစ်ခတ်မှု စသည်များသည် လုံခြုံရေးနှင့်တည်ငြိမ်ရေးကိုထိခိုက်စေလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)တွင် အမှာစကားပြောကြားစဉ် **“တရားမဝင်စီးပွားရေး၏ဆိုးကျိုးများအနေဖြင့် ဒီမိုကရေစီကိုပျက်ပြားစေခြင်း၊ တရားဥပဒေစိုးမိုးရေးကိုထိခိုက်စေခြင်း၊ နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို များစွာထိခိုက်စေသည်ကိုတွေ့ရှိရကြောင်း၊ ယင်းနှင့်ဆက်စပ်၍ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးမှုများကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ယခုထက်ပိုမိုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

တရားမဝင်ဝင်ရောက်နေသည့်ကုန်စည်များကြောင့် နိုင်ငံ၏အမျိုးသားကျန်းမာရေး၊ စီးပွားရေးနှင့် လူငယ်များ၏ အနာဂတ်ရှင်သန်တိုးတက်ရေးများကို အထူးခြိမ်းခြောက်လျက်ရှိသည်။ တရားမဝင်တင်ပို့သူများသည် နိုင်ငံ၏သယံဇာတများကိုခိုးထုတ်ခြင်း၊ တင်သွင်းခြင်းတို့ကြောင့် ဂေဟာစနစ်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေသည်။ အထူးသဖြင့် မိမိတို့နိုင်ငံ၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် MSME လုပ်ငန်းကို ပြည်တွင်းလုပ်ငန်းရှင်များက အားသွန်ခွန်စိုက်ဆောင်ရွက်နေသည့်အချိန်တွင် တရားမဝင်ကုန်ပစ္စည်းများ၊ တရားမဝင်တင်သွင်းလာသည့်ကုန်ကြမ်းများ၊ အရည်အသွေးမကောင်းသည့် ပစ္စည်းများတင်သွင်း၍ဈေးကွက်ယှဉ်ပြိုင်လာပါက မိမိတို့ပြည်တွင်းလုပ်ငန်းရှင်များအားလုံးအနေဖြင့် မည်သို့မျှယှဉ်ပြိုင်နိုင်မည်မဟုတ်ပေ။ တရားမဝင်ကုန်သွယ်မှုသည် အရှိန်အဟုန်မြင့်မားနေပြီဖြစ်သည့် MSME စီးပွားရေးလုပ်ငန်းများအတွက် အနှောင့်အယှက်ဖြစ်စေသည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ရှည်လျားသည့်နယ်စပ်မျဉ်းတစ်လျှောက်ရှိ တရားမဝင်ထွက်ပေါက်များကိုထိန်းချုပ်ရာတွင် အဆိုပါနေရာများ၌ တာဝန်ကျနေသည့်ဝန်ထမ်းများသည် သစ္စာရှိမှု၊ ရိုးသားမှု၊ ကိုယ်ချင်းစာမှုနှင့် နိုင်ငံ၏စီးပွားရေးကိုအထောက်အကူပြုမည်ဆိုသည့် စိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ တရားမဝင်ကုန်ပစ္စည်းများကို နယ်စပ်ဂိတ်များမှတစ်ဆင့်တင်ပို့ခြင်းအပြင် နယ်စပ်ဂိတ်များအနီးရှိ ဂိုဒေါင်များတွင်သိမ်းဆည်း၍ ဖြန့်ချိခြင်းများလည်းရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဖော်ထုတ်ဖမ်းဆီး၍ အရေးယူကြရမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် မှောင်ခိုပစ္စည်းဝင်ရောက်မှုကိုဖမ်းဆီးတားဆီးခြင်းထက် ပိုမိုကျယ်ပြန့်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခွန်အကောက်သည် အဓိကအခန်းကဏ္ဍမှပါဝင်သောကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တတ်နိုင်သည့် အခန်းကဏ္ဍမှပါဝင်နိုင်၍ အခွန်အခများကို ပြည့်ပြည့်ဝဝပေးဆောင်ပြီး မှန်မှန်ကန်ကန်ကုန်သွယ်မှုပြုလုပ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို အလေးထားလုပ်ဆောင်နေသည်မှာ မှန်မှန်ကန်ကန်ကုန်သွယ်မှုပြုလုပ်နေကြသည့် လုပ်ငန်းရှင်များ၊ နိုင်ငံအတွင်းရှိ MSME များကို အကာအကွယ်ပေးရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်သည်။ ထို့ကြောင့်စီးပွားရေးလုပ်ငန်းရှင်များကလည်း ပူးပေါင်းပါဝင်ပေးကြရမည်ဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် မှန်ကန်သည့်သတင်းရရှိမှု၊ သတင်းလုံခြုံမှု၊ သတင်းပေးသူပုဂ္ဂိုလ်အတွက်လုံခြုံမှုသည် အရေးကြီးလှသည်။ ရရှိသည့်သတင်းအချက်အလက်ကိုတည်ဆောက်ပြီး လုံခြုံရေးအတွက်စုဖွဲ့ကာ တညီတညွတ်တည်းစုပေါင်းဆောင်ရွက်မှသာ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ တရားမဝင်တင်ပို့မှုများကို သတင်းပေးပို့သည့်အတွက် သတင်းပေးပို့သူနှင့် ဖမ်းဆီးနိုင်သူများကိုပါ ခံစားခွင့်ရှိသည့် ငွေကြေးအကျိုးအမြတ်များကို ခွဲဝေဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့်မှန်ကန်သည့်သတင်းပေးပို့မှုများပြားလျက်ရှိသည်။

၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း ဖမ်းဆီးရမိမှုများကိုကြည့်ပါက ဒီဇင်ဘာလတွင် ငွေကျပ် ၄၄ ဒသမ ၁၈၃ ဘီလီယံဖြင့် အများဆုံးဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။ ထိုသို့ဖမ်းဆီးရမိနိုင်ခဲ့သည်မှာ သက်ဆိုင်ရာတာဝန်ရှိသူအားလုံး၏ ကြိုးစားအားထုတ်မှုဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုများပပျောက်လာမှသာ နိုင်ငံ့စီးပွားရေးသည် ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ နိုင်ငံ၏ပို့ကုန်တင်ပို့မှုမြင့်မားတိုးတက်စေရေးနှင့် MSME ကုန်ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရေးတို့အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီက တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရေးကိုဆောင်ရွက်နေခြင်းဖြစ်သည်။ တရားမဝင်ကုန်ပစ္စည်းများတင်သွင်းသည့်အတွက် အရည်အသွေးမရှိသည့် လူသုံးကုန်များ၊ ဆေးဝါးများ၊ စားသောက်ကုန်များဝင်ရောက်လာပြီး စားသုံးသူပြည်သူများကိုဘေးအန္တရာယ်ဖြစ်စေသောကြောင့် စားသုံးသူများ၏ကောင်းကျိုးကိုကာကွယ်ပေးရမည်ဖြစ်သည်။ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုကို လုံးဝကင်းစင်ပပျောက်သည်အထိမျှော်မှန်းကာ ပူးပေါင်းပါဝင်တိုက်ဖျက်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့်တပ်မတော်နေ့ ဦးတည်ချက်များ

**(က)** **ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။**

**(ခ)** **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။**

**(ဂ)** **နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။**

**(ဃ)** **ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။**

# နွေရာသီကျောင်းပိတ်ရက်များတွင် အခမဲ့အခြေခံသင်တန်းများဖွင့်လှစ်ပေး

နတ်မောက် မတ် ၃

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနဘက်စုံသုံးခန်းမ၌ မတ်လ ၃ ရက် နံနက်ပိုင်းတွင် နွေရာသီကျောင်းပိတ်ရက်များတွင် အခမဲ့အခြေခံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူများအချိန်ကိုအကျိုးရှိစွာ အသုံးပြုတတ်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်စေရန်၊ ကျောင်းသား၊ ကျောင်းသူများအားလုံး ကွန်ပျူတာနှင့် အင်္ဂလိပ်စာများကို ခေတ်နှင့်အညီ လူသားတိုင်းကျယ်ပြန့်စွာ အသုံးပြုနိုင်စေရန်၊ ကွန်ပျူတာအခြေခံ၊ အင်္ဂလိပ်စာအခြေခံတို့ကိုကျွမ်းကျင်ပိုင်နိုင်စွာ သင်ယူတတ်မြောက်စေရန်၊ အခမဲ့ကွန်ပျူတာနှင့်အင်္ဂလိပ်စာသင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့်အတူ အနုပညာစိတ်ကူးစိတ်သန်းကောင်းမွန်စေရန်အတွက် အခမဲ့ပန်းချီသင်တန်းများကိုလည်း ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် အခမဲ့ကွန်ပျူတာသင်တန်း၊ အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် ပန်းချီသင်တန်းများတွင် သင်တန်းနည်းပြများကတနင်္လာနေ့မှ သောကြာနေ့အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း**

## သဖင်(FM)အသံလွှင့်အစီအစဉ်

၄-၃-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည်
၂။ ၁၁:၅၀ လှပကျန်းမာ
၃။ ၁၄:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂအမျိုးသမီးအဖွဲ့(UN Women)ရုံး၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Christine Arab အား ဒုတိယဝန်ကြီး ဦးကိုကိုကျော် လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ဘန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂအမျိုးသမီးအဖွဲ့ (UN Women)ရုံး၏ အာရှနှင့်ပစိဖိတ်ဒေသ ဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Christine Arab အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ UN Women ကဆောင်ရွက်မည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ခဲ့ပြီး မြန်မာနိုင်ငံနှင့် UN Women တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီး ပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြသည်။

**(သတင်းစဉ်)**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ထောပတ်ပဲ ၃၀၄၂ ဧကအထိ ရိတ်သိမ်းပြီးဖြစ်

ပွင့်ဖြူ မတ် ၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ထောပတ်ပဲ ဧက ၉၀၀၀ ကျော်အနက် ၃၀၄၂ ဧကအထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုး ရာသီက ထောပတ်ပဲ ၉၇၀၆ ဧက စိုက်ပျိုး နိုင်ခဲ့ကြောင်း၊ အဆိုပါထောပတ်ပဲများ ကို ဒေသခံတောင်သူများက ယခုနှစ် ဇန်နဝါရီလစတုတ္ထပတ်က စတင်ရိတ်သိမ်း ခဲ့ရာ ၃၀၄၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ် ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မှ ထောပတ်ပဲစိုက်ပျိုးတောင်သူများကို သီးနှံကုန်ထုတ်စွမ်းအား တိုးတက်မြင့်မား စေရေးအတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုး ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ မြေဩဇာ စနစ်တကျသုံးစွဲရေး၊ သီးနှံရိတ်သိမ်းချိန် ၌ အချိန်မီ ရိတ်သိမ်းနည်းစနစ်များကို တောင်သူများ သိရှိလိုက်နာနိုင်ရန် ပံ့ပိုး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

ထောပတ်ပဲကို နှစ်စဉ်တိုးချဲ့စိုက်ပျိုး ပြီး အထွက်နှုန်းကောင်းမွန်အောင် စိုက် ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံသာမက ပိုလျှံမှုကို ရောင်းချ နိုင်မည်ဖြစ်သောကြောင့် တောင်သူများ အတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် စေမည်ဖြစ်၍ ဒေသမရွေး ထောပတ်ပဲ ကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း၊ တောင်သူ များအတွက် ရာသီဥတုနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းသည့် မျိုးကောင်း မျိုးသန့်ရရှိရေးနှင့် ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ခေတ်မီနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို စိုက်ပျိုး ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေး ယူခံရနိုင်ပါသည်။

# မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့အား ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် မြန်မာ့သနပ်ခါးနေ့ လှုပ်ရှားမှုအခမ်းအနားကျင်းပ



အိမ်မဲ မတ် ၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြ ခရိုင် အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကြီးမှူး၍ မြန်မာ့သနပ်ခါးယဉ် ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စား ပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခု အဖြစ် ထင်ရှားလာအောင် ပြည်သူများ ပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြန်မာ့သနပ်ခါးနေ့လှုပ်ရှားမှုအခမ်းအနား ကို အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ တွင် ကျင်းပသည်။


အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဒေါက်တာသန်းငွေ က အဖွင့်အမှာစကားပြောကြားပြီး အိမ်မဲ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမျိုးကျော်အောင် က မြန်မာ့ရိုးရာသနပ်ခါးနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် အိမ်မဲမြို့နယ်ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဒေါ်ငွေငွေလှိုင်က မြန်မာ့ သနပ်ခါးယဉ်ကျေးမှုအကြောင်း၊ မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးသန္တာအောင်က သနပ်ခါး၏ ဆေးဖက်ဝင်အသုံးပြုပုံအကြောင်းတို့ကို အသီးသီးဆွေးနွေးပြောကြားကြသည်။

ဆက်လက်ပြီး အခမ်းအနားတက် ရောက်လာသူများက မြန်မာ့သနပ်ခါးနေ့ လှုပ်ရှားမှုအနေဖြင့် စုပေါင်းမှတ်တမ်း တင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး သနပ်ခါး သွေးခြင်း၊ သနပ်ခါးလိမ်းခြင်းနှင့် မြန်မာ့ သနပ်ခါးအထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံ များကို ကြည့်ရှုခဲ့ကြသည်။

အိမ်မဲမြို့နယ်အတွင်း မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့အား ထိန်းသိမ်းစောင့် ရှောက်သောအားဖြင့် မြန်မာ့သနပ်ခါးနေ့ လှုပ်ရှားမှုအခမ်းအနားများကို မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌သာမက ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခုနှင့် ဌာနခွဲနှစ်ခုတို့၌လည်း တစ်ပြိုင်တည်း ကျင်းပခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**




# ပြင်စလူရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ 150 W FM လွှင့်စက်ဖြင့် ရေဒီယိုအစီအစဉ်များ စမ်းသပ်ထုတ်လွှင့်လျက်ရှိ

နေပြည်တော် မတ် ၃

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်း ဒေသကြီး ပြင်စလူစက်ရုံတွင် FM လွှင့်စက် နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီလ ၁၂ ရက်မှ ၂၁ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၂ ရက်မှ စတင်၍ လွှင့်အား 150 W၊ လှိုင်းနှုန်း (90.2 MHz) ဖြင့် MRTV FM ရေဒီယိုအစီအစဉ်များ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

ထိုသို့ထုတ်လွှင့်လျက်ရှိရာ ပြင်စလူ မြို့ပေါ်ရပ်ကွက်၁၊၂နှင့်၃ တို့မှလည်းကောင်း၊ အရှေ့ဘက်တွင် အရာတော်ပူ၊ သောင်လေး၊ ရေချိုကန်၊ ကွင်းပေါက်၊ အိုင်မ၊ အမတ်ကလေး၊ အမတ်ကြီးကျေးရွာတို့မှလည်းကောင်း၊ အနောက်ဘက်တွင် ထန်းပင်ကုန်း၊ ကုန်းကြီး၊ ကွင်းယား၊ အဝကား၊ နံ့သာကုန်း၊ သပြေချိုင်၊ ကံကြီးဒေါင့်ကျေးရွာတို့မှလည်းကောင်း၊ တောင်ဘက်တွင်လေယာဉ်ကွင်း၊ ဝါးဘိုးကုန်း၊ ကျားချောင်း၊ အောင်လှိုင်ကျေးရွာတို့မှ လည်းကောင်း၊ မြောက်ဘက်တွင် ဘိုးသက် ရှည်၊ လွစာ၊ ရေကျော်ဝ၊ နောက်ဖေးကုန်း ကျေးရွာတို့မှလည်းကောင်း အသံကြည်လင် ပြတ်သားစွာဖြင့် ဖမ်းယူနားဆင်နိုင်ပြီ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**"၁၉၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ည၌ ကျွန်ုပ်သည် ရန်ကြီးအောင်ဝတ္ထုကိုစတင်ရေးသားလေရာ ဇာတ်လိုက် မနှင်းမြိုင်အား ကာလသားလေးယောက်က အလောင်းအစားပြုကာ လူပျိုလှည့်ကြသောအဖြစ်အပျက်မှတစ်ပါး ကျွန်ုပ်၏ စိတ်ကူးဖြင့် ဇာတ်ကွက်ဆင်ခြင်းဖြစ်ပါသည်။ လေးယောက်သဘောတူ လူပျိုလှည့်ကြသောအဖြစ်အပျက်မှာ "လန်ဒန်မြို့ကြီး၏ အရှုပ်တော်ပုံကြီး" ဟူသောဝတ္ထုကြီးမှ ခိုးယူခြင်းဖြစ်သော်လည်း လူပျိုလှည့်နည်းများမှာ ခိုးယူခြင်းမဟုတ်။ ကျွန်ုပ်၏စိတ်ကူးဉာဏ်ဖြင့် အကွက်ဆင်ထားခြင်းဖြစ်၏. . ."**

**ယမန်နေ့မှအဆက်**

ရဟန်းမှတစ်ပါး ကျွန်ုပ်၏လက်အောက်ငယ်သားဆွေမျိုးဖြစ်ခဲ့လျှင် အခေါ်အဝေါ် ပြောင်းလဲလိမ့်မည်မဟုတ်ချေ။ ဤသည်တို့မှာ ကျွန်ုပ်သည်သာလျှင် လမ်းမှန်ကျသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ကျွန်ုပ်၏ ဝါသနာကို တင်ပြခြင်းမျှသာဖြစ်၏။ ဆက်လက်၍ ဖော်ပြရဦးမည်ဆိုလျှင် လန်ဒန်မြို့ ဘီဘီစီရေဒီယိုမှ အယ်လစ်ဇဘက်ဘုရင်မနှင့်အက်ဒင်ဘာရာနယ်စားတို့အကြောင်းကိုဖော်ပြရာတွင် "ပွဲတော်တည်သည်"၊ "စက်တော်ခေါ်သည်" ဟူသော အသုံးအနှုန်းမျိုးဖြင့် အသံလွှင့်ခြင်းသည်ပင် ကျွန်ုပ်အဖို့ နားကလောလှသည်။ ရိုင်းသည်ဟု ဆိုချင်ဆိုစေ။ ကျွန်ုပ်ကား သောမတ်စ်ပိန်း(Thomas Payne)၏ တပည့်ဖြစ်၍ လူနှင့်လူချင်းအတော်အတန်မကဘဲ အလွန်အမင်းမြှောက်ပင့်ခြင်းကို နားခါးသူတစ်ယောက်ဖြစ်သည်။ (မည်သို့ဆိုစေ၊ ပဒေသရာဇ် ကေရာဇ်ခေတ်သည် ကုန်ဆုံးခဲ့လေပြီ။) ကျွန်ုပ်သည် ထီးသုံးနန်းသုံးအခေါ်အဝေါ်များကို ငယ်ကတည်းက ယဉ်ပါးခဲ့သူတစ်ယောက်ဖြစ်သော်လည်း အမှတ်အသားပြုလုပ်မထားရုံသာမက မေ့ပျောက်ပစ်ဖို့ပင် ကြိုးစားသူဖြစ်သည်။ ကျွန်ုပ်ရေးသားသောဝတ္ထုများတွင်လည်း အလွန်မြှောက်ပင့်ရာရောက်သောဝေါဟာရများကို တမင်ရှောင်တိမ်း၍ ရိုးရိုးစကားလုံးများကိုသာ ရွေးချယ်သုံးနှုန်းဖို့ လုံ့လပြုခဲ့ပါသည်။ ကျွန်ုပ်ကား စကားလုံး၏ယဉ်ကျေးမှုထက် အပြုအမူ၏ယဉ်ကျေးမှုကို အလေးပေးသူဖြစ်ပါသည်။

## ကျွန်ုပ်အလုပ်လုပ်ရပုံ

၁၉၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ည၌ ကျွန်ုပ်သည် ရန်ကြီးအောင်ဝတ္ထုကို စတင်ရေးသားလေရာ ဇာတ်လိုက် မနှင်းမြိုင်အား ကာလသားလေးယောက်က အလောင်းအစားပြုကာ လူပျိုလှည့်ကြသောအဖြစ်အပျက်မှတစ်ပါး ကျွန်ုပ်၏ စိတ်ကူးဖြင့် ဇာတ်ကွက်ဆင်ခြင်းဖြစ်ပါသည်။ လေးယောက်သဘောတူ လူပျိုလှည့်ကြသောအဖြစ်အပျက်မှာ "လန်ဒန်မြို့ကြီး၏ အရှုပ်တော်ပုံကြီး" ဟူသောဝတ္ထုကြီးမှ ခိုးယူခြင်းဖြစ်သော်လည်း လူပျိုလှည့်နည်းများမှာ ခိုးယူခြင်းမဟုတ်။ ကျွန်ုပ်၏စိတ်ကူးဉာဏ်ဖြင့် အကွက်ဆင်ထားခြင်းဖြစ်၏။ ကျွန်ုပ်သည် ခပ်စောစောတွင် အိမ်သူအိမ်သားများနှင့် စကားပြောနေ၍ ၎င်းတို့အိပ်ရာသို့ဝင်ကြသောအခါမှ ရေးသားလေ့ရှိရာ တစ်ခါတစ်ရံတွင် နံနက်လင်းအားကြီးအချိန်သို့ပင် ရောက်သွား၏။ ကျွန်ုပ်တို့နေကြသောအိမ်ကလေးမှာ ဝါးကြမ်းခင်း၍ ဝါးကပ်ကာရုံထားသဖြင့် ဆောင်းလေသည် ကြမ်းကြားနှင့် ထရံကြားတို့မှ တိုးဝင်ရာတွင် အလွန်ပင်အေးချမ်းလှသောကြောင့် ကျွန်ုပ်၏ ကုလားထိုင်အနီးတွင် မီးလင်းဖိုထား၍ အလုပ်လုပ်ရ၏။ သို့နှင့်ပင် သန်းခေါင်ကျော်သည့်နောက်တွင် အေးလွန်းလှသဖြင့် (ဝက်လက်သည် မန္တလေးထက်ချမ်း၏။) အလုပ်ရပ်နားကာ လက်ချောင်းများကို ခဏခဏမီးကင်ရ၏။ တစ်ခါတစ်ရံတွင် စိတ်ကူးတွေ မြူးနေပါလျက်နှင့် ချမ်းလွန်းသောကြောင့် အလုပ်သိမ်းလိုက်ရ၏။ ချမ်းလျှင်လည်း ချမ်းပေမည်။ ကျွန်ုပ်၌ ရှိစုမဲ့စုအဝတ်အစားများမှာ တွံတေးမြို့တွင် ထားပစ်ခဲ့ရလေသည်။ ဤနည်းဖြင့် ညတိုင်း အလုပ်လုပ်၍ နေ့အချိန်၌ အိပ်ရပါသည်။

## ကျွန်ုပ်၏ စာရေးဝါသနာ

၁၅ ရက်ခန့်ရေးမိသောအခါ ကျွန်ုပ်၏ မိဘများ၊ ဇနီးနှင့် ညီတို့သည် ရေးပြီးသော စာရွက်များကို ဖတ်ချင်ကြလေပြီ။ ညီသည် ပြီးသမျှသောစာရွက်များကို ယူဖတ်၍ အလွန်ကောင်းသည်ဟု ချီးမွမ်းရာတွင် မိဘများကလည်း သိချင်ကြကုန်လေပြီ။ သို့ဖြစ်၍ ဝက်လက်၌ နေထိုင်လျက်ရှိကြသော ဦးလေးများ၊ အရီးများ၊ ညီများ၊ နှမများအားလုံးကို ခေါ်ယူစုရုံးပြီးလျှင် ညီကဖတ်ပြစဉ် လက်ဖက်ရည်ကြမ်းဝိုင်းဖြင့် နားထောင်ကြလေ၏။ လူပျိုလှည့်ဝတ္ထုများလောက်သာ ဖတ်ဖူးကြ၍ ထိတ်လန့်တုန်လှုပ်ဖွယ်များ၊ အသည်းအေးဖွယ်အခြင်းအရာများပါရှိသော ကျွန်ုပ်၏ ဝတ္ထုများကို မကြားဖူး၊ မဖတ်ဖူးကြသည့် ဆွေမျိုးသားချင်းအားလုံးတို့မှာ အလွန်စိတ်ဝင်စားကြလျက် အားပါးတရ ချီးမွမ်းအားပေးကြပါပေသည်။ မည်သည့်ဝတ္ထုကိုမျှ မဖတ်ခဲ့ဖူးသည့် ကျွန်ုပ်၏ဖခင်ကိုယ်တိုင်မှာပင် "ကောင်းသဟေ့၊ သိချင်လှပြီဟေ့" စသည်များဖြင့် ခဏခဏပြောလျက်ရှိ၏။ ဣန္ဒြာဝံသနှင့် ဝိဇယကာရီဝတ္ထုများကို ညက်ညက်ကျေလာခဲ့သော မိခင်ကိုယ်တိုင်ကလည်း "ဆန်းတယ်ဟေ့၊ ဒါမျိုး မကြားဖူးဘူးဟေ့" ဟုဆိုကာ တပြုံးပြုံးနှင့် အားပေးရှာသည်။ နောင်အခါ၌ လူကြိုက်များ၊ မများ၊ ပုံနှိပ်ထုတ်ဝေမည့်သူရှိ၊ မရှိကိုပင် မသေချာသေးသော်လည်း ကျွန်ုပ်အဖို့မှာ မိဘများနှင့် အိမ်သူအိမ်သားများ၊ ဆွေမျိုးဉာတိများက သဘောကျသည်ဆိုရုံနှင့်ပင် ကြည်နူးဝမ်းမြောက်လျက်ရှိပါလေပြီ။ ဤသို့ဖြင့် ကျွန်ုပ်သည် နှစ်ညရေးပြီးတိုင်း တတိယညတွင် လူစုလူဝေးနှင့် နားထောင်ကြပါတော့သည်။ နောက်ပိုင်း၌မူ ညအချိန်၌ရေးသောကော်ပီများကို နေ့အချိန်တွင် ဖူးစကတ်စာရွက်ပေါ်၌ အချောကူးရပါသည်။ စာအရှည်ကြီးရေးသားခြင်းမှာ ဤအကြိမ်သည် ပထမအကြိမ်ဖြစ်သော်လည်း ဖူးစကတ်စာရွက်မျက်နှာ ၁၄၀ ကျော်ရှိသော ဤရန်ကြီးအောင်ဝတ္ထုကို အကြမ်းမှအချောကူးရာတွင် စာမျက်နှာလေးငါးရွက်တွင်မှ တစ်လုံးတလေမျှသာ အမှားပြင်ချက်ရှိခြင်းသည် ကျွန်ုပ်၏ထူးခြားချက်တစ်ရပ်ဖြစ်သည်ဟု ဆိုသင့်၏။ ကမ္ဘာကျော်စာရေးဆရာကြီးများသည် မိမိတို့၏ ရေးသောစာကို သုံးလေးငါးကြိမ် (တစ်ခါတစ်ရံ ဆယ်ကြိမ်မျှပင်) ပြင်ဆင်ရေးကူးကြသည်ဟု ကြားရဖူး၏။ ကမ္ဘာကျော်စာရေးဆရာကြီးများနှင့် နှိုင်းယှဉ်ချက်ထုတ်ကာ သူတို့ကား ပြင်ရေးရသည်။ ကျွန်ုပ် ပြင်မရေးရသောကြောင့် ကျွန်ုပ်ကပင် သာသေးသည်ဟု ဆိုလိုခြင်းမဟုတ်ရပါ။ ကျွန်ုပ်၏ဝါသနာကို ဖော်ပြခြင်းမျှသာဖြစ်ပါ၏။ ကျွန်ုပ်သည် စာတစ်အုပ်ကို မဆိုထားနှင့် ဆောင်းပါးတစ်ပုဒ်ကိုပင် နှစ်ကြိမ်သုံးကြိမ်ပြင်ရေးရလျှင် ပျင်းသည်နှင့်ပင် သေရလိမ့်မည်ထင်၏။ ရေးပြီးသောစာကို ပြန်၍ဖတ်သည့်အခါ အမှားရှာဖို့လောက်သာ ဂရုစိုက်မိပေရာ သာ၍ကောင်းအောင်ဆိုသော ရည်ရွယ်ချက်မူကား ရှိခဲလှပါသည်။ ထို့အတွက်ကြောင့် ပထမတန်း စာရေးဆရာတစ်ယောက် မဖြစ်လာလျှင်လည်း ကျေနပ်နိုင်ပါသည်။

## ရန်ကြီးအောင် စွံလေပြီ

၁၉၁၆ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရန်ကြီးအောင်ဝတ္ထုကို အချောကူးပြီးသည်အထိ ပြီးစီးခဲ့လေပြီ။ လယ်ယာစိုက်ပျိုးရေးဌာနဘက်၌ အမှုထမ်းခဲ့စဉ်က သူရိယ ဦးဘဖေအကြောင်းကို စာရေးတစ်ယောက်ကပြော၍ သိရဖူး၏။ ကျွန်ုပ်သည် မြန်မာပြည်တွင် မြန်မာဝတ္ထုများအခြေအနေအကြောင်းကို စာရှည်ကြီးတစ်စောင်ရေးသား၍ သူရိယတိုက်အုပ်ဦးဘဖေထံသို့ ဝတ္ထုနှင့်တကွ ပို့လိုက်၏။ ကလောင်သမားများအဖို့မှာ ပထမဦးစွာ တင်ပို့သည့် "စာ"သည် မည်မျှလောက် အရေးကြီးခြင်းကို သိကြပြီးဖြစ်၏။ အပျော်ရေးခြင်းမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းအတွက် ရည်ရွယ်ချက်ဖြင့် စမ်းသပ်ခြင်းဖြစ်သည့် ကျွန်ုပ်အဖို့မှာ လွန်စွာပင် အရေးကြီး၏။ (စံဒေဝီ၏ မိခင်ထံသို့ ကျွန်ုပ်၏ဖခင်သွား၍ပြောဖူးစဉ်က အရေးကြီးပုံနှင့် စိတ်ထဲတွင် နှိုင်းယှဉ်လိုက်သည့်အခါ အနည်းငယ်မျှသာ လျော့သည်ထင်၏။) တစ်လကြာသော်လည်း လက်ခံရရှိပါသည်ဆိုသော စာမှတစ်ပါး အဆုံးအဖြတ်ကို မသိရသေးဘဲရှိရာ သုံးလခန့်ကြာသောအခါ၌မူ ကျွန်ုပ်မှာ အတော်စိတ်ပူလျက်ရှိလေပြီ။ ထိုအတောအတွင်း ကျွန်ုပ်ကလည်း တစ်လလျှင် အနည်းဆုံး စာတစ်စောင်ကျရေးကာ နှိုးဆော်လျက်ရှိရာ စာနှစ်စောင်လျှင် တစ်စောင်ကျလောက် ပြန်ကြား၍ "ဖတ်ဆဲရှိပါသည်" ဟူသောအကြောင်းကိုသိရ၏။ ကျွန်ုပ်ကား အတော်အားလျော့စ ပြုလျက်ရှိပေပြီ။ ဟင်္သာတမြို့မှ ကိုခင်မောင်တင့်၏ဦးလေး ဝတ်လုံတစ်ယောက် သူ့ထမင်းစားလခ ၄၀ ကျပ်နှင့် စာရေးလုပ်ပြီး ရှေ့နေစာမေးပွဲဝင်ဖို့ ဟူသောအကြံကို လက်ခံရချေမည်လောဟူ၍ပင် စဉ်းစားလျက်ရှိလေပြီ။ နောက်ဆုံး၌ မေလ ၆ ရက်နေ့တွင် သူရိယတိုက်မှ စာပြန်လာ၍ ငွေ ၁၀၀ ကျပ်နှင့် ဝယ်ယူလိုကြောင်း သိရပေသည်။ ဝတ္ထုတစ်ပုဒ်လျှင် တန်ဖိုးမည်မျှ ပေါက်ဈေးရှိသည်ဟု မကြားဖူးသော ကျွန်ုပ်မှာ နည်းသည်၊ များသည် နားမလည်ဘဲ ငွေ ၁၀၀ ကျပ်အပြင် ဝတ္ထုစာအုပ် ၂၅ အုပ် ဖြည့်ပေးဖို့ တောင်းခံပြီး သဘောတူလိုက်၏။ စာအုပ်များမှာ တစ်အုပ်လျှင် ၁ ကျပ် ရှစ်ပဲတန်သည်ဖြစ်၍ ကျွန်ုပ်သည် ရန်ကြီးအောင် ဝတ္ထုအတွက် စုစုပေါင်း ၁၃၇ ကျပ် ရှစ်ပဲမျှ ရရှိပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# ထားဝယ်မြို့ လူထုအခြေပြုဗဟိုဌာန၌ အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်



**ထားဝယ် မတ် ၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံကွန်ပျူတာသင်တန်းကို မတ်လ ၃ ရက်တွင် ထားဝယ်မြို့ရှိ လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

ရေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က နွေရာသီအားလပ်ရက်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူလူငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မျိုးဆက်သစ်လူရည်ချွန်များ ထွက်ပေါ်လာစေရန်၊ မှတ်ဉာဏ်အားကောင်းလာစေရန်နှင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ကွန်ပျူတာပညာရပ်သည် ကမ္ဘာပေါ်တွင် အလေးပေးသင်ကြားနေရသောပညာရပ်တစ်ခုဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကွန်ပျူတာအခြေခံတတ်မြောက်ထားရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် Computer Typing၊ Mouse Skill၊ English & Myanmar Typing လက်ကွက်ကျွမ်းကျင်မှု Skill၊ About Computer System၊ Microsoft Word စသည့်ဘာသာရပ်များကို သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးအား စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့ကျင်းပ



ရန်ကုန် မတ် ၃

အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး၏သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့်ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကိုဖတ်ကြားလျှောက်ထားပြီးအစည်းအဝေး အထမြောက်အောင်မြင်ကြောင်းနှင့် ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာနှင့်ပတ်သက်၍ ဝိနိစ္ဆယရေးရာကဏ္ဍတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တဝိရောစန၊ ရွှေကျင်ဂိုဏ်းကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိသရ၊ ရခိုင်ပြည်နယ်ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုန္ဒာဝုဓတို့ကလည်းကောင်း၊ သာသနာရေးရာကဏ္ဍတွင် မကွေးတိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဉာဏိက၊ မဟာဒွါရဂိုဏ်းကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် သာသနဓဇဓမ္မာစရိယ ဝိနယဓရ ဝိနယဝိဒူ ဘဒ္ဒန္တမေတ္တာနန္ဒ၊ မွန်ပြည်နယ်ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒတို့ကလည်းကောင်း၊ ပညာရေးရာကဏ္ဍတွင် တနင်္သာရီတိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုန္ဒဝံသ၊ အနောက်ချောင်းဒွါရဂိုဏ်းကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဒ္ဒိဉာဏာဘိဝံသ၊ ရှမ်းပြည်နယ်ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကလျာဏတို့ကလည်းကောင်း ဆွေးနွေးတော်မူကြပြီး နံနက်ပိုင်း အစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုန္ဒာစရိယတို့က ပြန်လည်ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် လုပ်ထုံးလုပ်နည်းစသည်များ စိစစ်ပြင်ဆင်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးကိစ္စကို အခမ်းအနားမှူးဆရာတော်က လျှောက်ထားပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်းဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇက ပြန်လည်ရှင်းလင်းလျှောက်ထား၍ အတည်ပြုချက်ရယူပြီး ဒုတိယနေ့အစည်းအဝေးကို ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် ကွယ်လွန်သူ ဗိုလ်ကြီးတင်ဌေး(ငြိမ်း)အား ရည်စူး၍ ဇနီး ဒေါ်တိုးတိုး၊ သား-ဦးကျော်ဖုန်းဝင်း(အကောက်ခွန်မှူး)၊ ဦးမျိုးကျော်ကျော်(သသန) - ဒေါ်အိသူဇာကို (သသန)၊ မြေး-မယွန်းပန်းမြတ်ဟေသီ၊ မောင်ကျော်ဇင်ဟိန်း မိသားစုက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း(Grade-5)နှင့် အခြေခံပညာအလယ်တန်းဆင့် နဝမတန်း(Grade-9) နှစ်ဆုံးစာမေးပွဲဖြေဆိုနေမှု ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ ကြည့်ရှုအားပေး



နေပြည်တော် မတ် ၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ရှမ်းပြည်နယ်ပညာရေးမှူး ဦးမြင့်လွင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလောမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ဟဲဟိုး)၊ တောင်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (တောင်လေးလုံး)၊ အခြေခံပညာအထက်တန်းကျောင်း(ရွှေညောင်)နှင့် အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (အေးသာယာ)၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ(ထုံးဘို)၊ အမှတ်(၇)နှင့်အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း (Grade-5)နှင့်အခြေခံပညာအလယ်တန်းဆင့် နဝမတန်း(Grade-9) နှစ်ဆုံးစာမေးပွဲတွင် ကျောင်းသား၊ကျောင်းသူများ မြန်မာဘာသာ ဖြေဆိုနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုအားပေးစဉ် ဆရာ၊ ဆရာမများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးတက္ကသိုလ်သို့ ရောက်ရှိပြီး တက္ကသိုလ်သုတေသနစင်တာ၌ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ သုတေသနသုံး စက်ပစ္စည်းများကို အကျိုးရှိထိရောက်အောင် အသုံးချဆောင်ရွက်ရန်၊ သုတေသနကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်ရန်နှင့်ဒေသအကျိုးပြုသုတေသနလုပ်ငန်းများ အလေးထားဆောင်ရွက်ကြရန်တို့ကိုမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ရှမ်းပြည်နယ်/ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးများနှင့်တွေ့ဆုံ၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်မှာကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မတ် ၃

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

(မိုး/ဇလ)

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၅)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြား



နေပြည်တော် မတ် ၃

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ၊ အသင်းအဖွဲ့များမှကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် ခေတ်မီကောင်းမွန်သည့် မူပိုင်ခွင့်စနစ်တစ်ရပ်ကို တည်ထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်ဥပဒေ ၄ ရပ်အနက် ၂၀၂၃ ခုနှစ်တွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ၊ ၂၀၂၄ ခုနှစ်တွင် တီထွင်မှု မူပိုင်ခွင့်ဥပဒေများ အာဏာသက်ဝင်နိုင်ခဲ့ကြောင်း၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် စာပေအနုပညာ ဖန်တီးမှုများကို မြှင့်တင်နိုင်စေရန် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ တီထွင်ဖန်တီးသူ ပညာရှင်များအတွက် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ်တစ်ရပ်ကိုလည်း အခြားသောဒေသတွင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများနည်းတူ စတင်ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ လက်ရှိကျင့်သုံးနေသည့် မူပိုင်ခွင့်စနစ်သည် နိုင်ငံတကာတွင် သတ်မှတ်ကျင့်သုံးနေသည့် စံများနှင့်ကိုက်ညီရန်လိုအပ်သကဲ့သို့ မိမိနိုင်ငံ၏ လက်ရှိဖြစ်တည်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးစသည့် အခြေအနေများနှင့်လည်း လိုက်လျောညီထွေမှုရှိရန် လိုအပ်ကြောင်း။

နိုင်ငံတော်တွင်မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသည့် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများ ဖြစ်ပေါ်လာစေရန်အထောက်အကူဖြစ်စေပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မူပိုင်ခွင့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ကျရာ ကဏ္ဍများမှ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးနေသည့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ်သည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက်ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များအား မူပိုင်ခွင့် အသိပညာပေးခြင်း၊ တီထွင်ဖန်တီးလိုစိတ်များ မြင့်မားစေရန် အားပေးလှုံ့ဆော်ခြင်း၊ တက္ကသိုလ်၊ သုတေသနဌာနများမှ တီထွင်ဖန်တီးမှုများကို ဈေးကွက်တွင် ဖြန့်ဖြူးနိုင်စေရန်အတွက် MSME လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများ ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တွင် တည်ဆောက်နေသည့် မူပိုင်ခွင့်စနစ်သည် တစ်မျိုးသားလုံးကို အကျိုးပြုနိုင်စေရန် အသုံးချနိုင်မည့် စနစ်တစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မူပိုင်ခွင့်ဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးက မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူးက မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးသို့တင်ပြသည့် အမှာစာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၃-၃-၂၀၂၅ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့များ | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ချောက် | ၄၁.၉ | ၁၀၇.၄ |
| မကွေး | ၄၀.၁ | ၁၀၄.၂ |
| မြင်းခြံ | ၃၉.၈ | ၁၀၃.၆ |
| ညောင်ဦး | ၃၉.၇ | ၁၀၃.၅ |
| ပြည် | ၃၉.၆ | ၁၀၃.၃ |
| မြဝတီ | ၃၉.၆ | ၁၀၃.၃ |
| အောင်လံ | ၃၉.၁ | ၁၀၂.၄ |
| ဝက်ထီးကန်(လေးထပ်ပြင်) | ၃၉.၀ | ၁၀၂.၂ |
| ရွှေဘို | ၃၉.၀ | ၁၀၂.၂ |

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဆိုင်ရာ သုံးသပ်ခြင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၃**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဆိုင်ရာ သုံးသပ်ခြင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် အေဂျင်စီဥက္ကဋ္ဌများက Virtual စနစ်ဖြင့် သတ်မှတ်နေရာများမှတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ နေပြည်တော်၌ အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ပြပွဲနှင့်ပြိုင်ပွဲကျင်းပရေးနှင့် သက်ဆိုင်သည့် အတည်ပြု ဆုံးဖြတ်ရမည့်အချက်များကို MSME လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှုကို အချိန်နှင့်တစ်ပြေးညီခံယူပြီး အတူတကွ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အောင်မြင်သည့်ပွဲတစ်ပွဲဖြစ်ခဲ့ကြောင်း။

ဒေသထုတ်ကုန်များမှ Export ထုတ်ကုန်များအဖြစ် အဆင့်မြှင့်ထုတ်လုပ်နိုင်ရေး နည်းပညာများ၊ ထုပ်ပိုးမှုပုံစံများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ဝန်ကြီးဌာနများ၏ ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေများကို MSME လုပ်ငန်းရှင်များကို အသိပညာများ ဖြန့်ဝေပေးနိုင်ခဲ့သည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့်ဒေသထွက်ရိုးရာအစားအစာများကိုလည်း တိုင်းရင်းသားပြည်သူလူထုသို့ ထုတ်လုပ်ရောင်းချနိုင်ခဲ့ကြောင်း၊ MSME လုပ်ငန်းစတင်ဆောင်ရွက်လိုသူများနှင့် လုပ်ငန်းလုပ်ကိုင်နေသူများအတွက် အခွင့်အရေး အသိပညာ၊ နည်းပညာ၊ စီးပွားရေးဗဟုသုတများ တိုးတက်ရရှိအောင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ နောင်ကျင်းပမည့် MSME ပြပွဲနှင့်ပြိုင်ပွဲများကို ယခုထက် ပိုမိုအဆင့်အတန်းမီစွာ ဆောင်ရွက်နိုင်ရေးအတွက် အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ခြင်းဖြစ်ကြောင်း၊ ဆပ်ကော်မတီအသီးသီး၏ တွေ့ကြုံခဲ့သည့် အားနည်းချက်များကို ဖြည့်ဆည်းနိုင်ရန်နှင့် အားသာချက်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြပွဲနှင့်ပြိုင်ပွဲ ထပ်မံကျင်းပသည့်အခါ ဒေသဆိုင်ရာအေဂျင်စီများအနေဖြင့် လုပ်ငန်းအသစ်များပေါ်ထွက်လာစေရေး၊ ထုတ်ကုန်အသစ်၊ ပြည်ပပို့ကုန်အသစ်များ၊ သွင်းကုန်အစားထိုးလုပ်ငန်းများ ပိုမိုတိုးတက်ပေါ်ထွက်လာစေရေး ပံ့ပိုးကူညီအားပေးဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပစ္စည်းပြပွဲနှင့်ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးက ပြပွဲနှင့်ပြိုင်ပွဲကျင်းပခဲ့မှုအခြေအနေတို့ကိုလည်းကောင်း၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများက ပြပွဲနှင့်ပြိုင်ပွဲကျင်းပရန် စီမံဆောင်ရွက်ခဲ့မှု၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့စဉ် အားနည်းချက်၊ အားသာချက်နှင့် အကြံပြုသုံးသပ်ချက်များကိုလည်းကောင်း ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဗဟိုအဖွဲ့အစည်းအဝေး(၂/၂၀၂၅) ကျင်းပ



**နေပြည်တော် မတ် ၃**

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး (၂/၂၀၂၅) ကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) Meeting Hall ၌ ကျင်းပသည်။

ဦးစွာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုသည် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့်လေဖြတ်ရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းရောဂါ စသည့်မကူးစက်နိုင်သောရောဂါများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပြီး မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားသေဆုံးမှုသည် ကမ္ဘာတစ်ဝန်းတွင် ကပ်ရောဂါအသွင်ဖြင့် တိုးတက်များပြားလာကာ ပြည်သူ့ကျန်းမာရေးကို များစွာထိခိုက်စေကြောင်း။

အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့်အန္တရာယ်မှ ကာကွယ်ရန်အတွက် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေနှင့် ဒေသများ ထူထောင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များအကြားတွင် ရေပန်းစားလျက်ရှိသည့် E-cigarette၊ Vape အစရှိသည့် အီလက်ထရွန်နစ်အငွေ့ရှူစက်များနှင့်ပတ်သက်၍လည်း ဥပဒေအရထိန်းချုပ်ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့သည့် "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်" သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့ပြီးဖြစ်ကြောင်း၊ အမိန့်စာအား လုပ်ငန်းရှင်များက လိုက်နာဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများအနေဖြင့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များကို အားဖြည့်ဆောင်ရွက်ပေးရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကိုပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်" နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

ထို့နောက် အစည်းအဝေးဆုံးဖြတ်ချက်များကို ဆွေးနွေးတင်ပြပြီး ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအားတွေ့ဆုံ

**နေပြည်တော် မတ် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများချီးမြှင့်ပေးအပ်စဉ်။

# ချဉ်ပေါင်၏ ကျန်းမာရေးလျှို့ဝှက်ချက်များ

ပေါက်ပေါက်

ပြည်တွင်း၌ ချဉ်ပေါင်နီ၊ ချဉ်ပေါင်ဖြူ၊ ချဉ်ပေါင်ခါး၊ ကုလားချဉ်ပေါင်ငယ်၊ ကုလားချဉ်ပေါင်ကြီး၊ တောချဉ်ပေါင်၊ ချဉ်ပေါင်နီလက်ခြား၊ သဘော်ချဉ်ပေါင်၊ ဘိလပ်ချဉ်ပေါင်၊ ရွှေဘိုချဉ်ပေါင်ဟူ၍ အမျိုးအမည်များပြားလှသည်။ ယင်းတို့အနက် လူသိများပြီး စားသုံးမှုအများဆုံးချဉ်ပေါင်မှာ ချဉ်ပေါင်ခါး၊ ချဉ်ပေါင်ဖြူနှင့် ချဉ်ပေါင်နီလက်ခြားတို့ဖြစ်ကြသည်။

- ချဉ်၍အနည်းငယ်ခါးသော ချဉ်ပေါင်ခါးပင်သည် သုံးပေမှ ငါးပေအထိမြင့်ပြီး နူးညံ့သောဆူးနှင့်အမြွေးများပါရှိသည်။ အရွက်မှာ အကွဲများရှိပြီး အစိတ်အပိုင်းတိုင်းမှာ ခွေးသွားစိပ်များသဏ္ဌာန်ဖြစ်သည်။ အပွင့်ဝါ၍ အစေ့မည်းသည်။
- အပူဓာတ်ရှိ၍ အချဉ်ပေါ့သော ချဉ်ပေါင်ဖြူပင်သည် နှစ်ပေမှသုံးပေအထိမြင့်ပြီး အရွက်မှာ အစွန်းသုံးခု သို့မဟုတ် ငါးခုစီပါရှိသည်။ အပွင့်မှာအဖြူရောင်ဖြစ်ပြီး တစ်ပင်လုံးဖြူဖွေးသောအမွေးနုများရှိကြသည်။
- ချဉ်၍အပူဓာတ်ရှိသော ချဉ်ပေါင်နီလက်ခြားပင်သည် ပျမ်းမျှတစ်မိုက်သာသာခန့်သာမြင့်ပြီး အရွက်မှာ ဥပုံသဏ္ဌာန်ရှိ၍ အဖျားချွန်းကာ အရွက်ပါးလျားသည်။ အပွင့်မှာဝိုင်း၍ဖြူသည်။ အသီးမှာ ဆီးသီးအလတ်စားအရွယ်ခန့်ရှိကာ နုစဉ် အစိမ်းရောင်ဖြစ်ပြီး မှည့်လျှင် ဝါသွားတတ်သည်။

ချဉ်ပေါင်ကို မိုးရာသီကုန်စတွင် ထွန်ယက်စိုက်ပျိုးပါမှ ချဉ်ပေါင်စေ့မှာ အပင်ပေါက်စိတ်ချရမည်။ အကယ်၍ ချဉ်ပေါင်ကို အအေးဓာတ်ဝင်သည့်ဆောင်းရာသီတွင် စိုက်ပျိုးလိုပါက အစေ့ကို တစ်ညသိပ်ရေစိမ်၍သော်လည်းကောင်း၊ အစေ့ကို ရေနွေးဖြောပြီးမှသော်လည်းကောင်း စိုက်ပျိုးပေးမှသာ ချဉ်ပေါင်စေ့အပင်ပေါက်နိုင်သည်။

### ချဉ်ပေါင်စားဖွယ်စုံ

ချဉ်ပေါင်ရွက်ကို ချဉ်ရည်ဟင်း၊ ချဉ်ပေါင်လှော် သို့မဟုတ် ချဉ်ပေါင်သနပ် စသည့်အရန်ဟင်းလျာများအဖြစ် စားသုံးလေ့ရှိကြသည်။ အသားအမျှင်ထူသော အနီရောင်ချဉ်ပေါင်ဖူးကို ကြော်၍သော်လည်းကောင်း၊ ချဉ်ရည်ဟင်းအဖြစ်သော်လည်းကောင်း ချက်စားနိုင်သည်။ တချို့အရပ်ဒေသများတွင် အရွက်ရင့်ရင့်၊ အပွင့်နှင့်အသီးတို့ကို နေပူပူတွင် အခြောက်လှန်းပြီး လက်ဖက်ရည်ကြမ်းအဖြစ် သောက်ကြသည်။ ချဉ်ပေါင်ဖူးနှင့်ချဉ်ပေါင်ပွင့်တို့ကို ထန်းလျက် သို့မဟုတ် သကြားဖြင့် ယိုထိုး၍လည်းစားသုံးကြသည်။ ချဉ်ပေါင်ဖူးယိုက အနံ့၊ အရသာပိုစူးသောကြောင့် ယင်းကို ဆီးယိုထက်ပို၍ လူကြိုက်များသည်။

### ချဉ်ပေါင်နှင့်မြန်မာ့ဆေးစွမ်း

- ဒဗ္ဗဂုဏပကာသနီဆေးကျမ်းတွင် ချဉ်ပေါင်နီ၊ ချဉ်ပေါင်ဖြူ၊ ချဉ်ပေါင်ခါးဟူ၍ သုံးမျိုးကွဲပြား၏။ များသောအားဖြင့် ချဉ်ပေါင်နီ၊ ချဉ်ပေါင်ဖြူရွက်သည် ချဉ်၏။ ပူ၏။ ပူနာ၊ သလိပ်နာ၊ သည်းခြေနာတို့ကိုနိုင်၏။ လေကိုပျက်စေတတ်၏။ ခံတွင်းနာ၊ နှုတ်မမြိန်နာတို့နှင့်သင့်၏။ ချဉ်ပေါင်ခါးသည် ချဉ်၏။ ငန်၏။ အဆီမရှိ။ လေသလိပ်ကိုနိုင်၏။ အဆိပ်နာ၊ မြင်းသရိုက်နာများနှင့်သင့်၏။ နှုတ်ကိုမြိန်စေတတ်၏ဟုဆိုထားသည်။
- ဆေးအဘိဓာန်တွင် ချဉ်ပေါင်ရွက်သည် ဝမ်းမီးတောက်၏။ သည်းခြေနာ၊ ကြက်ညှာနာ၊ မြင်းသရိုက်နာတို့ကို သက်သာစေတတ်၏ဟုဆိုထားသည်။
- ဇီဝိတဝဃုနဆေးကျမ်းတွင် ချဉ်ပေါင်ရွက်သည် ချဉ်၍ခွဲ၏။ ယင်းသည် လက်ခြားတစ်မျိုး၊ အနီတစ်မျိုးဟူ၍ နှစ်မျိုးရှိ၏။ အနီမှာအထူးချဉ်၏။ လက်ခြားမျိုးသည်လည်း အဖြူနှင့်အညို နှစ်မျိုးရှိရာ အညိုက စား၍ကောင်း၏။ နုန်းမြေ၊ မြေနုအရပ်တွင် ပေါက်သောချဉ်ပေါင်သည် အချဉ်နည်း၍ အခွဲအဖန်မများလှသောကြောင့် စား၍အထူးကောင်း၏။ တပေါင်း၊ တန်ခူးလများတွင် ကြက်သွန်ခင်းပတ်ဝန်းကျင်တို့အနီးစိုက်ပျိုးသော ချဉ်ပေါင်လက်ခြားများက အချဉ်နည်း၊ အခွဲလည်းနည်းသဖြင့် အလွန်ပင်စားကောင်း၏။ ချဉ်ပေါင်ရွက်သည် သလိပ်ကိုစိုစေ၊ ပွစေတတ်၏။ ဆီးဝမ်းကိုမှန်မှန်သွားစေတတ်သော သီတဂိုဏ်းဝင်အမျိုးအစားပေတည်းဟုဆိုထားသည်။
- ရှုတော်မူဆေးကျမ်းတွင် ချဉ်ပေါင်ခါးရွက်သည် အဖြူ၊ အနီဟူ၍ နှစ်မျိုးနှစ်စားရှိ၏။ ခါး၏။ အနည်းငယ်ချဉ်၏။ အနီမျိုးသည် ဝမ်းမီးကိုတောက်စေတတ်သဖြင့် အစာကြေလွယ်ခြင်းကို ဖြစ်စေတတ်၏။ ပိတ်ကိုက်နာ၊ မြင်းသရိုက်နာ၊ လေနာ၊ သည်းခြေနာ၊ ကြက်ညှာနာတို့ကိုနိုင်၏။ ရင်ကိုလည်း ချောင်စေတတ်၏။

ချဉ်ပေါင်ခါးအဖြူသည်လည်း အနီနှင့်အကျိုးပေးတူ၏။ သို့သော် အဖြူကား အနီလောက်မထက်။ ထိုချဉ်ပေါင်မျိုးတို့ကို ဓာတ်ချဉ်ပေါင်၊ ကိုင်းချဉ်ပေါင်၊ ချဉ်ပေါင်လက်ခြားဟူ၍ အမျိုးမျိုးခေါ်ကြ၏။ ကိုင်းချဉ်ပေါင်ခါးမျိုးသည် အရိုးတွင် သေးငယ်သောဆူးလေးရှိ၏။ အရွက်တွန့်လိပ်သယောင်ရှိ၏။ ချဉ်ပေါင်လက်ခြားကား အရိုးအကြောနီ၏။ သို့သော် အကျိုးပေးခြင်းတူ၏ဟုဆိုထားသည်။

**◆ ချဉ်ပေါင်ခါး အပွင့် ၁၂ ပွင့်ကို သကြားနှစ်ပဲသားနှင့်ရောကြိတ်၍ ငရုတ်ကောင်းအနည်းငယ်ရောထည့်သောက်ပေးခြင်းဖြင့် အပူလွန်၍ အချဉ်ပြန်သော အစာမကြေရောဂါ ပျောက်ကင်းစေနိုင်သည်။**

**◆ နာကျင်ကိုက်ခဲသောဝေဒနာများအတွက် ချဉ်ပေါင်ခါးအစေ့ကို အမှုန့်ကြိတ်၍ ထိုအမှုန့်နှစ်ပဲသားကို နွမ်းဆီလက်ဖက်စားဇွန်းနှစ်ဇွန်း ရောစပ်လိမ်းပေးနိုင်သည်။**

**◆ ချဉ်ပေါင်နီအရွက်နှင့် ချဉ်ပေါင်ဖူးတို့ကို နေရိပ်တွင် အခြောက်လှန်းပြီး ရေနွေးဆူဆူတွင် သင့်ရုံထည့်၍ သကြားနှင့်ရောစပ်သောက်ပေးခြင်းဖြင့် ဆီးရောဂါနှင့် ရေငတ်အာခြောက်ခြင်းကို သက်သာစေသည်။**

- မြန်မာ့ဆေးကျမ်းများတွင် (က) ချဉ်ပေါင်ခါးကို အစာကြေဆေး၊ နှုတ်မြိန်ဆေး၊ သွေးဝမ်း၊ မြင်းသရိုက်နာပျောက်ဆေး၊ ဝဖြိုးဆေး၊ ကာမအားတိုးဆေး၊ နားကိုက်ပျောက်ဆေး၊ လည်ချောင်းနာပျောက်ဆေး၊ အကိုက်အခဲပျောက်ဆေး၊ အဆစ်အမျက်လွှဲနာကျင်ပျောက်ဆေး၊ ဝမ်းနုတ်ဆေး၊ သည်းခြေရောဂါနှင့် နှာစေးချောင်းဆိုးပျောက်ဆေးအဖြစ် ဆေးဝါးများဖော်စပ်ရာတွင် သုံးလေ့ရှိသည်။ (ခ) ချဉ်ပေါင်ဖြူကို ဝမ်းပျက်ခြင်းအတွက် ဆေးဖော်လေ့ရှိသည်။ (ဂ) ချဉ်ပေါင်နီလက်ခြားကို ဆီးရွှင်ဆေး၊ ရေငတ်ပျောက်ဆေး၊ နှုတ်မြိန်ခံတွင်းကောင်းဆေး၊ သည်းခြေရောဂါ၊ မူးဝေခြင်း၊ လေနာရောဂါ၊ နူနာရောဂါ၊ အဆုတ်ရောဂါ၊ အသားအရေညိုညစ်ခြင်း၊ သားသည်မိခင်များ နို့ရည်လိုက်ဆေးအဖြစ် ဆေးဝါးဖော်စပ်ကြသည်။

ထို့ပြင် ဖော်ပြပါ ဝေဒနာများအတွက်ကိုလည်း ချဉ်ပေါင်ရွက်ကုထုံးဖြင့် အောက်ပါဆေးမြီးတိုများအဖြစ် ကုသပျောက်ကင်းနိုင်ပါသည်။

- ချဉ်ပေါင်ခါး အပွင့် ၁၂ ပွင့်ကို သကြားနှစ်ပဲသားနှင့်ရောကြိတ်၍ ငရုတ်ကောင်းအနည်းငယ်ရောထည့်သောက်ပေးခြင်းဖြင့် အပူလွန်၍ အချဉ်ပြန်သော အစာမကြေရောဂါပျောက်ကင်းစေနိုင်သည်။
- နာကျင်ကိုက်ခဲသောဝေဒနာများအတွက် ချဉ်ပေါင်ခါးအစေ့ကို အမှုန့်ကြိတ်၍ ထိုအမှုန့်နှစ်ပဲသားကို နှမ်းဆီလက်ဖက်စားဇွန်းနှစ်ဇွန်း ရောစပ်လိမ်းပေးနိုင်သည်။
- ချဉ်ပေါင်နီအရွက်နှင့် ချဉ်ပေါင်ဖူးတို့ကို နေရိပ်တွင် အခြောက်လှန်းပြီး ရေနွေးဆူဆူတွင် သင့်ရုံထည့်၍ သကြားနှင့်ရောစပ်သောက်ပေးခြင်းဖြင့် ဆီးရောဂါနှင့် ရေငတ်အာခြောက်ခြင်းကို သက်သာစေသည်။
- ချဉ်ပေါင်ခါးအစေ့ကိုလှော်၍ အမှုန့်ပြုလုပ်ပါ။ ထိုအမှုန့်တစ်ပဲသားကို ရေနွေးနှင့် နေ့စဉ်သောက်ပေးပါက အစာမကြေဝမ်းပျက်ရောဂါကို ပျောက်ကင်းစေသည်။
- ဗိုက်နာပြီး အကျိအချွဲများနှင့် ဝမ်းသွားခြင်းအတွက် ချဉ်ပေါင်ခါး သို့မဟုတ် ချဉ်ပေါင်ဖြူ သို့မဟုတ် ချဉ်ပေါင်နီလက်ခြားတို့၏ အမြစ်သွေးရည်တစ်ဇွန်းကို တစ်ရက်နှစ်ကြိမ် သောက်ပေးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။
- ချဉ်ပေါင်နီလက်ခြားအရွက်ကို ထမင်းနှင့်ရောကြိတ်ပြီး ပြည်တည်နာ၊ အနာစိမ်း၊ ခွေးကိုက်နာ၊ ကြောင်ကိုက်နာ၊ အနာအို၊ အနာဆွေးများပေါ်အုံပြီး အဝတ်သန့်နှင့်စည်းထားပေးခြင်းဖြင့် အနာရင်းခြင်း၊ ငန်းမန်းလိုက်ခြင်းမရှိဘဲ အမြန်ဆုံးသက်သာပျောက်ကင်းစေသည်။
- မြွေ၊ ကင်းကိုက်ခံရပါက ကုလားချဉ်ပေါင်ကို ကြိတ်၍အုံပေးပါ။
- အစာအိမ်လေပူမှုတ်ခြင်းအတွက် ကုလားချဉ်ပေါင်အရွက်သတ္တုရည်သောက်ပါ။
- ဝမ်းပျက်ခြင်းအတွက် ကုလားချဉ်ပေါင်အစေ့ကိုလှော်၍ အမှုန့်လုပ်ပြီး သောက်ပါ။
- အဆစ်အမျက်ကိုက်ခဲခြင်းနှင့် အဆစ်လွဲခြင်းတို့အတွက် ချဉ်ပေါင်ခါးအစေ့ သို့မဟုတ် အရွက်တို့ကို ထောင်းထု၍ လိမ်းအုံပေးပါ။
- နှာစေးချောင်းဆိုးခြင်းအတွက် ချဉ်ပေါင်ခါးရွက်ကို ဖျော်ရည်လုပ်သောက်ပါက ပျောက်ကင်းစေနိုင်သည်။

### ချဉ်ပေါင်နှင့်သိပ္ပံဆေးစွမ်း

- အူသိမ်၊ အူမတို့ကို ကောင်းကျိုးပြုသည်။
- ချဉ်ပေါင်ရွက်တွင် Hydroxy နှင့် Amino Acid များကြွယ်ဝစွာပါရှိသောကြောင့် ဆီးအားကောင်းစေသည်။ ဆီးရွှင်၍ ဝမ်းသက်စေသည်။
- ဗီတာမင် C နှင့် သတ္တုဓာတ်တို့ အမြောက်အမြားပါရှိသောကြောင့် ကိုယ်ခံစွမ်းအားကောင်းမွန်ခြင်း၊ ဆဲလ်များသေဆုံးခြင်းမှ ကာကွယ်ပေးခြင်း၊ သွေးဖုံးနှင့် သွေးတို့ကိုကျန်းမာစေခြင်း၊ Free Radicals အန္တရာယ်မှ ကာကွယ်ပေးခြင်း၊ အရွယ်ကိုနုပျိုစေခြင်း၊ ကင်ဆာရောဂါများ ဖြစ်နိုင်ခြေအလားအလာနည်းပါးစေခြင်း၊ အဆုတ်ကိုကျန်းမာစေခြင်း၊ အအေးပတ်ခြင်း၊ ရာသီပေါ်နှာစေးချောင်းဆိုးကူးစက်ရောဂါများနှင့် နှာရည်ယိုနှာပိတ်ခြင်းတို့မှလည်း ကာကွယ်ပေးခြင်း စသည်ဖြင့် ကောင်းကျိုးပြုသည်။
- ကယ်လ်စီယမ်အမြောက်အမြားပါရှိသဖြင့် အရိုးကိုသန်မာစေခြင်း၊ အာရုံကြောအဖွဲ့အစည်းများနှင့် ကြွက်သားများဖွဲ့စည်းမှုကို တိုးတက်ကောင်းမွန်စေခြင်း၊ သွေးကျဲရောဂါမှကာကွယ်ပေးခြင်း၊ ခြေလက်များ တဆစ်ဆစ်နာကျင်ခြင်းနှင့် ထုံထိုင်းလေးလံခြင်းတို့ကို သက်သာပျောက်ကင်းစေခြင်း၊ ကလေးငယ်များ ဖွံ့ဖြိုးမှုနှေးကွေးခြင်းမှ ကာကွယ်ပေးခြင်း စသည်ဖြင့် ကောင်းကျိုးပြုသည်။
- ချဉ်ပေါင်ပန်းပွင့်များသည် နှလုံးရောဂါကို ကာကွယ်ပေးနိုင်သည်။
- ချဉ်ပေါင်ဖူး၏အစေ့မှလည်း အဆီထုတ်ယူနိုင်သည်။ ထိုအဆီဖြင့် အရေပြားပေါ်ရှိ အနာအမျိုးမျိုးတို့ကို လိမ်းပေးခြင်းဖြင့် ရောင်ကိုင်းခြင်းကိုသက်သာစေပြီး အနာမြန်မြန်ကျက်စေသည်။
- ပြတ်ရှနာများ၊ ဖက်ခွက်နာနှင့်ပြည်တည်နာများအတွက် ချဉ်ပေါင်ရွက်ကိုမီးမြှိုက်၍ အုံပေးခြင်းဖြင့် သက်သာပျောက်ကင်းနိုင်သည်။
- ချဉ်ပေါင်ဖူးဖျော်ရည်ကို သောက်သုံးခြင်းဖြင့် ချောင်းဆိုးရောဂါသက်သာပျောက်ကင်းစေသည်။ လူကိုလန်းဆန်းစေနိုင်သည်။
- ချဉ်ပေါင်စေ့ပြုတ်ရည်ကို သောက်သုံးခြင်းဖြင့် အစာနင်ခြင်းနှင့် အစာမကြေခြင်းတို့မှ သက်သာပျောက်ကင်းစေနိုင်သည်။
- ချဉ်ပေါင်ရွက်ခြောက်ကို လက်ဖက်ရည်ကြမ်းကဲ့သို့ သောက်သုံးခြင်းအားဖြင့် ကိုလက်စထရောကိုကျစေခြင်း၊ ကိုယ်အလေးချိန်ကျစေပြီး သွေးလည်ပတ်နှုန်းကိုကောင်းမွန်စေသည်။ ကင်ဆာရောဂါအမျိုးမျိုးတို့ကို ဟန့်တားကာကွယ်ပေးနိုင်သည်။
- ဒူးရင်းသီးစားပြီးနောက် ချဉ်ပေါင်သီးဖျော်ရည်သောက်ပေးခြင်းဖြင့် အပူကန်ခြင်းကိုကာကွယ်နိုင်ပါသည်။

### သတိပြုရန်

သွေးတိုးရောဂါရှိသူများ သွေးပေါင်ချိန်တက်နိုင်၍ အလွန်အကျွံမစားသင့်ပေ။ ချောင်းဆိုးရင်ကျပ်ဝေဒနာသည်များနှင့်လည်း မသင့်တော်ပါ။

အချုပ်ဆိုရသော် ရွှေချဉ်ပေါင်လက်ခြား ကြက်သားနှင့်မလဲပေါင်ဆိုရိုးစကားရှိပါသည်။ ကြက်သားနှင့်ပင်မလဲနိုင်လောက်အောင် အရသာရှိလှပြီး ဈေးနှုန်းလည်းမကြီးဘဲ မိမိတို့လက်တစ်ကမ်းတွင် တစ်နှစ်ပတ်လုံးအလွယ်တကူရရှိနိုင်သော ချဉ်ပေါင်ရွက်ကို အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် စားသောက်နိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရိုးမရိပ်သာအိမ်ရာ ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် သုခဒဂုံပြည်သူ့အငှားအိမ်ရာသို့ ဒုတိယဝန်ကြီး ဦးဝင်းဖေ ကြည့်ရှုစစ်ဆေး



ရန်ကုန် မတ် ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရိုးမရိပ်သာအိမ်ရာ အဆောက်အအုံ ၃၅ လုံး ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက အိမ်ရာဝင်းလုံခြုံရေးဆောင်ရွက်ထားရန်၊ သတ်မှတ်ရက်အမီ ပြီးစီးစေရေး၊ နေထိုင်သူ ပြည်သူများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရန်နှင့် Cover Market အချိန်မီဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်သွားရန်လိုကြောင်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှတာဝန်ယူဆောင်ရွက်လျက်ရှိသည့် သုခဒဂုံပြည်သူ့အငှားအိမ်ရာစီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ အိမ်ရာစီမံကိန်းရှင်းလင်းဆောင်ရွက်စီမံကိန်းတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက အဆောက်အအုံအား အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကိုသာ အသုံးပြုရန်နှင့် လက်ရာလက်သားကောင်းမွန်စွာ ဆောင်ရွက်ရန်လိုကြောင်း၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးခါနီးပြီဖြစ်၍ အိမ်ရာစီမံကိန်းလုပ်ငန်းများအချိန်မီပြီးစီးစေရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာမှူးကြီးက အိမ်ရာစီမံကိန်းလုပ်ငန်းပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်လုပ်ငန်းများ၊ မြေညီထပ်တွင် အခန်းဖွဲ့ကာရံခြင်းလုပ်ငန်းများ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အိမ်ခန်းနေရာချထားမှုများ၊ အိမ်ရာအတွင်း နေ့ကလေးထိန်းကျောင်းနှင့် ဆေးခန်းတည်ဆောက်မည့်အစီအမံများကိုလည်းကောင်း၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်မှ တာဝန်ရှိသူများက အိမ်ရာတည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးက အိမ်ရာစီမံကိန်းဆိုင်ရာအခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြရာဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သုခဒဂုံပြည်သူ့အငှားအိမ်ရာစီမံကိန်းလုပ်ငန်းခွင်အတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# ဒဂုံမြို့သစ်မြို့နယ်များအတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်လျက်ရှိ



ရန်ကုန် မတ် ၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် မရမ်းကုန်းမြို့နယ်ပြည်လမ်းနှင့် ပါရမီလမ်းထောင့်၌ယာဉ်ကြောကျပ်တည်းမှုလျှော့ချနိုင်ရေးအတွက် ပြည်လမ်းအား ကွန်ကရစ်လမ်းသားတိုးချဲ့ခင်းကျင်းနေမှု၊ လူသွားစင်္ကြံ Interlock ခင်းကျင်းနေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး လမ်းမဘေးရေမြောင်းအား ဆယ်ယူရှင်းလင်းရန်၊ အုပ်မိုးကိုင်းများ ခုတ်ထွင်ရှင်းလင်းရန်၊ အသုံးမပြုသည့် လျှပ်စစ်မီးကြိုးများရှင်းလင်းရန် မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၂၇) ရပ်ကွက်ရှိ ဘဲတန်းချောင်းပေါ်၌ တည်ဆောက်ထားသည့် အမှတ်(၆) ရေတံခါးတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိရှင်ထွေးညိုလမ်းသို့သွားရောက်၍လမ်းမတစ်လျှောက် ကျူးကျော်နေထိုင်မှုများ ရှင်းလင်းရန်၊ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ရှင်ထွေးညိုသဘာဝမြေသားမိုးရေစုကန်အား ဆိုလာရေသန့်စင်စနစ်ဖြင့် ရပ်ကွက်နေပြည်သူများသန့်ရှင်းသောသောက်သုံးရေရရှိရန်၊ ကန်ပတ်လည်တစ်လျှောက် လူသွားစင်္ကြံများဆောင်ရွက်ပေးရန်နှင့်လေ့ကျင့်ရေးအားကစားပစ္စည်းများ တပ်ဆင်ရန်မှာကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

## ဘိုးဘွားအမွေ

✍ သူတို့မရှိ၊ လွန်ခဲ့ဘိလည်း  
အသိမြင့်မား၊ ချန်ရစ်ထား။

✍ စဉ်လာဓမ္မ၊ သင်္ခါရဟု  
ဘဝသံသရာ၊ လိုက်နှင့်ပါလည်း  
ပညာရပ်များ၊ ယူမသွား။

✍ လှည်းဝင်ရိုးသံ၊ တည်ညံ့ဟု  
ပုဂံမြေမှာ၊ ထိန်ထိန်ဝါသည်  
သာသနာ့မွေ၊ ထွန်းတောက်ဝေ။

✍ တောက်ကြွားမပျက်၊ ကျောက်သားထက်မှာ  
လင်းလက်ဂုဏ်ဒြပ်၊ ကြည်ညိုဖွယ်ရ  
စာမြတ်အမွေ၊ ဆပွားဝေ။

✍ စေတီ ကျောင်း ကန်၊ သန္ဓေမှန်သည့်  
နံရံအထက်၊ မျက်နှာကြက်မှာ  
ရေးချက်ဆန်းကြယ်၊ ရောင်စုံခြယ်လျက်  
ပန်းဆယ်မျိုးဟု၊ မြန်မာမှုနှင့်  
အနုစံမွေ၊ ပွင့်လန်းဝေ။

✍ အမြဲမဟောင်း၊ သူ့ရဲကောင်းတို့  
မြင့်မောင်းနိစ္စေ၊ ဂုဏ်ပုံ့မွေးအောင်  
သွေးနှင့်ထုဆစ်၊ မော်ကွန်းလှစ်သည့်  
မျိုးချစ်အမွေ၊ လင်းလက်ဝေ။

✍ အမျိုးပုဂံ၊ ဆွေ့ပုဂံဟု  
ပုဂံတစ်ခေါက်၊ ကြုံလာရောက်တိုင်း  
ဝမ်းမြောက်ခါခါ၊ ပီတိဖြာလျက်  
သာစုချိုချို၊ ကောင်းခြင်းဆိုမိ  
အိုဘယ့်ဘိုးဘွား၊ နောင်းလူများတွက်  
ချန်ထားတည်နေ၊ နှစ်အမွေကား  
ရှုလေမဝ၊ နုဝေလှမို့  
မှန်းဆ ကျေးဇူး၊ အထူးထူးကို  
ရည်စူးလက်စုံ၊ သွယ်ယှက်မုံသည်  
စည်းခုံ ခြေရင်း၊ ဦးဆံခင်း။  
စာဆို ဇော်ဂျီ၊ တေးကိုညင်း။ ။

ချစ်စုအောင်

**၃-၃-၂၀၂၅ ရက်နေ့ စာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၄၅၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


**မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ**

နေပြည်တော် မတ် ၃

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးများသို့ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး ကြည့်ရှုစစ်ဆေး



ရန်ကုန် မတ် ၃

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်နှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့သည် ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တာဝန်ခံအရာရှိက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြ၍ တိုင်းရင်းသားရေးရာဝန်ကြီးက ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်ဝန်ထမ်းများက အထွေထွေဆွေးနွေးတင်ပြကြရာ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ငွေကျပ်သိန်း ၃၀ ကို တိုင်းရင်းသားရေးရာဝန်ကြီးထံပေးအပ်၍ ညွှန်ကြားရေးမှူးရုံးအတွင်း ရုံးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့်အတူ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးသို့သွားရောက်ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ အထွေထွေဆွေးနွေးတင်ပြချက်များအပေါ် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ညွှန်ကြားရေးမှူးရုံးအတွင်း ရုံးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၃)မှုစီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု (၄) မှု တို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် မတ် ၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးခင်မောင်ကြီး၊ ဒေါ်ခင်မေရီ၊ ဦးသိန်းကိုကို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၅/၂၀၂၄ (ရန်ကုန်)နှင့် တရားမအထူးအယူခံမှုအမှတ် ၇၉/၂၀၂၄ (မန္တလေး)၊ ၈၁/၂၀၂၄ (မကွေး)၊ ၈၂/၂၀၂၄ (မန္တလေး)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမအထူးအယူခံမှု(၃)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၆/၂၀၂၄ (ကရင်)၊ ၁၇/၂၀၂၄ (ရန်ကုန်)၊ ၁/၂၀၂၅ (မန္တလေး)နှင့် ၂/၂၀၂၅ (မန္တလေး)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၄) မှု တို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၉˚c | / | ၃၇˚c |
| ရန်ကုန် | ၂၃˚c | / | ၃၈˚c |
| မန္တလေး | ၂၀˚c | / | ၄၀˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့ စကား"** အစီအစဉ်မှ **"အမေရိကန် နိုင်ငံရေးမူဝါဒအပြောင်းအလဲမှာ ခွက်ပျောက်သွားတဲ့ NUG"** ခေါင်းစဉ်ဖြင့် ၅-၃-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ယဉ်ကျေးမှုအမွေစောင့်ထိန်းသူများကို အငြိုးထား ဘာသာတရားမဲ့တဲ့ ပြည်ဖျက် အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

နေပြည်တော် မတ် ၃

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၃-၂-၂၀၂၅ ရက် ည ၈ နာရီမှ ၂-၃-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၆၅၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာmoh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## အသည်းရောင်အသားဝါ(အေ) ရောဂါ ကြိုတင်ကာကွယ်ပါ

အသည်းရောင်အသားဝါ(အေ)ရောဂါသည် အသည်းရောင်အသားဝါဗိုင်းရပ်စ်(အေ)ရောဂါပိုးကြောင့်ဖြစ်ပွားပြီး အလွယ်တကူ ကူးစက်တတ်စေ၍ ကပ်ရောဂါအသွင်လည်း ဖြစ်ပွားနိုင်ပါသည်၊ အသက်အရွယ်မရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် ကလေးများတွင် ပိုမိုဖြစ်ပွားတတ်ပါသည်။

**ရောဂါကူးစက်နိုင်သည့်နည်းလမ်းများ**

- ရောဂါပိုးရှိသူ ခန္ဓာကိုယ်မှထွက်သော အညစ်အကြေးများပါရှိနေသော မသန့်ရှင်းသည့်အစားအသောက်များကို စားသောက်မိခြင်း၊
- အသည်းရောင်အသားဝါ(အေ)ရောဂါပိုးရှိသူလူနာနှင့် အနီးကပ်ထိတွေ့ခြင်း၊ ပြုစုခြင်း။

**ရောဂါလက္ခဏာများ**

- ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးဝါခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ ဝမ်းအရောင်ဖျော့ခြင်းနှင့် အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း၊
- ပြင်းထန်စွာအသည်းရောင်ပါက ရုတ်တရက်အသည်းပျက်စီး၍ အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်၊
- အသည်းရောင်အသားဝါ (ဘီ) သို့မဟုတ် (စီ) ရောဂါပိုးရှိသူများ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများတွင် ရောဂါဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

- တစ်ကိုယ်ရေသန့်ရှင်းရေးသတိပြုပါ၊ လက်ကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောခြင်းကို အစားအစာများကို မကိုင်တွယ်မီ၊ မချက်ပြုတ်မီ၊ အစာမစားမီနှင့် အိမ်သာ အသုံးပြုပြီးတိုင်း ဆောင်ရွက်ပါ၊
- အစားအစာများအား မချက်ပြုတ်မီ သန့်ရှင်းသောရေဖြင့် စင်ကြယ်စွာဆေးကြောပါ၊
- ဆူပွက်သည်အထိကျိုချက်ထားသည့်ရေ သို့မဟုတ် ရေသန့်စင်ဆေးပြားအသုံးပြုသန့်စင်ထားသည့်ရေ သို့မဟုတ် FDA အသိအမှတ်ပြုရေသန့်ကို သောက်သုံးပါ၊
- အစားအစာများအား အစိမ်းစားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊ ယင်နားစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- အိမ်သာနှင့် မိလ္လာကန်များ ယိုစိမ့်မှုမရှိစေရန်သတိပြုပါ၊ ယင်လုံအိမ်သာ သုံးစွဲပါ၊
- ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် အစားအသောက်ရောင်းချသူများတွင် ရောဂါဖြစ်ပွားပါက အရေပြားနှင့် မျက်သားဝါပြီးနောက် အနည်းဆုံး (၁၀)ရက်ကြာသည်အထိ အစားအသောက် ကိုင်တွယ်ရောင်းချခြင်းအား ရပ်နားပါ။

**ဖျားခြင်း၊ အရေပြားနှင့် မျက်သားဝါခြင်း စသည့် အသည်းရောင်အသားဝါ(အေ)ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသပါ။**

မတ်လ၊ ၂၀၂၅

# သနပ်ခါးလိမ်းခြယ်သုံးစွဲခဲ့မှုကို အပယ်ရတနာဘုရားနှင့် စူဠာမဏိစေတီတို့ရှိ နံရံဆေးပန်းချီများတွင် တွေ့ရှိ

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံတွင် ရှေးခေတ်များစွာကတည်းက သနပ်ခါးလိမ်းခြယ်သုံးစွဲမှုတည်ရှိခဲ့ကြောင်းကို ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသရှိ အပယ်ရတနာဘုရားနှင့် စူဠာမဏိစေတီတို့ရှိ နံရံဆေးပန်းချီများတွင် လေ့လာတွေ့ရှိနိုင်ပြီး ယင်းနံရံဆေးပန်းချီများသည် သမိုင်းအထောက်အထားများအဖြစ် ခိုင်မာစွာတည်ရှိပြသလျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) ပြုပြင်ထိန်းသိမ်းရေးဌာနစုမှ သိရသည်။



အင်းဝခေတ် သနပ်ခါးလိမ်းခြယ်သည့် နံရံဆေးပန်းချီများ ထိန်းသိမ်းထားရှိရာ စူဠာမဏိစေတီကို တွေ့ရစဉ်။




ပုဂံခေတ်သနပ်ခါးလိမ်းခြယ်ထားသော နံရံဆေးပန်းချီများ ထိန်းသိမ်းထားရှိရာ အပယ်ရတနာဘုရားကို တွေ့ရစဉ်။

"မြန်မာ့သနပ်ခါးကို ရှေးဘုရင်တွေလက်ထက်ကတည်းက မြတ်မြတ်နိုးနိုး သုံးစွဲခဲ့မှုကို ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသက နံရံဆေးပန်းချီတွေမှာ တွေ့ရှိရတယ်။ စူဠာမဏိစေတီမှာ သနပ်ခါးလိမ်းခြယ်နေတဲ့ပုံကို အသိများကြပေမယ့် အပယ်ရတနာဘုရားမှာရှိတာကိုတော့ သိသူနည်းပါတယ်။ ရှေးဟောင်းယဉ်ကျေးမှုအတွက် တန်ဖိုးဖြတ်လို့မရတဲ့ သမိုင်းအမွေအနှစ်ပုံတွေဖြစ်ပါတယ်"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) ပြုပြင်ထိန်းသိမ်းရေးဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။



အေဒီ(၁၁)ရာစု ပုဂံခေတ်တွင်ရေးဆွဲထားသည့် အပယ်ရတနာဘုရား ဂန္ဓကုဋီတိုက်အရှေ့နံရံရှိ ပုဂံခေတ် သနပ်ခါးလိမ်းခြယ်နေသော နံရံဆေးပန်းချီကို တွေ့ရစဉ်။



အင်းဝခေတ်တွင်ရေးဆွဲခဲ့သည့် စူဠာမဏိတောင်ဘက်လိုဏ်ဂူ ဂန္ဓကုဋီတိုက်တောင်နံရံအရှေ့ခြမ်းရှိ သနပ်ခါးလိမ်းခြယ်နေသော နံရံဆေးပန်းချီကို တွေ့ရစဉ်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းပြုပြင်စောင့်ရှောက်လျက်ရှိပြီး အပယ်ရတနာဘုရားရှိ သနပ်ခါးလိမ်းခြယ်မှုပါဝင်သည့် နံရံဆေးပန်းချီများကို မှတ်တမ်းပြုစုထားရှိပြီးဖြစ်သည်။

ထို့အတူ ၁၉၈၁ - ၁၉၈၂ ခုနှစ်တွင် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနနှင့် UNDP တို့ ပူးပေါင်းပြီး ပြုပြင်ထိန်းသိမ်းရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ စူဠာမဏိစေတီအတွင်းရှိနံရံဆေးပန်းချီကားများအား သန့်စင်ချေးချွတ်ရာမှသနပ်ခါးလိမ်းခြယ်နေသောပုံများကိုတွေ့ရှိမှတ်တမ်းပြုစုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ယခုအခါ ဘုရား၊ စေတီ၊ ပုထိုးပေါင်း ၃၈၂၂ ဆူနှင့် တန့်ကြည်တောင်ဇရိယာ၌ ဘုရား၊ စေတီ၊ ဂူ ၁၅ ဆူ စုစုပေါင်း ၃၈၃၇ ဆူတည်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

**ဓာတ်ပုံ-ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)**

**သတင်း-သစ္စာ(MNA)**

# UN Women ရုံး၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Christine Arab အား ဒုတိယဝန်ကြီး ဦးစိုးကြည် လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် UN Women ရုံး၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Christine Arab အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် ပဋိပက္ခဖြစ်ပွားရာဒေသများ၊ သဘာဝဘေးဖြစ်ပွားရာဒေသများရှိ နေရပ်စွန့်ခွာသူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းပေးခြင်းအစီအစဉ်များ ဆောင်ရွက်ပေးနေမှု၊ ကျား/မအခြေပြု အကြမ်းဖက်ခံရသူများအတွက် ဝန်ကြီးဌာနမှထောက်ပံ့ပေးနေမှုများ၊ "အကြမ်းဖက်ခံရသော အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ" (One Stop Women Support Center- OSWSC) များ ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးနေမှုများ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အကောင်အထည်ဖော်နေမှုများနှင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UN Women တို့အကြား လုပ်ငန်းအစီအစဉ် (Work Plan) လက်မှတ်ရေးထိုးနိုင်ရေးကိစ္စများကို နှစ်ဦးနှစ်ဖက် ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)၊ ဘာသာရပ်ဆိုင်ရာအရာထမ်းများနှင့် UN Women မှကိုယ်စားလှယ်များတက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ၂၀၂၄ အကယ်ဒမီဇာတ်ကားများပြန်လည်ပြသမယ့် "မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်"

သတင်းထောက် လှဘထွန်း






သတင်းသမားတစ်ဦးဖြစ်တာနဲ့အညီ ၂၀၂၄ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုရရှိသူများနဲ့ အဘက်ဘက်မှ ကူညီပံ့ပိုးသူများအား ဂုဏ်ပြုညစာစားပွဲသို့ ညီနောင်မီဒီယာများနဲ့အတူ ညစာစားပွဲကျင်းပရာ မြဝတီမီဒီယာစင်တာသို့ ရောက်ရှိခဲ့ပါတယ်။ ဒီနေရာကို ဒုတိယအကြိမ်ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ပထမတစ်ကြိမ်ကတော့ ရုပ်ရှင်ဇာတ်ကား Red Carpet Show ပြသတဲ့ပွဲပါ။ မြဝတီမီဒီယာစင်တာရဲ့ ခမ်းနားမှုကိုတော့ အဲ့ဒီကတည်းက သိခဲ့ရတာပါ။ ရုပ်ရှင်ရုံရဲ့ လေအေးပေးစက်စနစ်ကောင်းမွန်တာရော ရုပ်ရှင်ပိတ်ကား၊ ရုပ်ရှင်ပြစက်နဲ့ အသံစနစ်တွေ ခေတ်မီတာရောတွေ့ခဲ့ရပါတယ်။

ဒီနေ့ည ညစာစားပွဲကတော့ မြဝတီမီဒီယာစင်တာရဲ့ ဆင့်မအလွှာ ခုနစ်ထပ်က Ballroom ခန်းမမှာကျင်းပတဲ့ အကယ်ဒမီဂုဏ်ပြုညစာစားပွဲပါ။ အချိန်စောနေတာနဲ့ မီဒီယာအဖွဲ့ကိုပေးတဲ့ ထမင်းဘူးလေးကိုယူရင်း ခန်းမနဲ့တွဲလျက် လေသာဆောင်ဝရန်တာကို ထွက်လို့ ရန်ကုန်မြို့ရှုခင်းကို ကြည့်မိပါတယ်။ လေသာဆောင်ကလည်း ကျယ်ဝန်းလှသမို့ လူ ၃၀၀-၄၀၀ လောက်ဆံ့နိုင်ပြီး ရန်ကုန်မြို့ရှုခင်းကို အပေါ်စီးကကြည့်ရှုခံစားရင်း ညနေခင်းဆည်းဆာပွဲတစ်ခုအဖြစ် စိတ်ကူးယဉ်နေမိပါတယ်။

အတွေးစိတ်ကူး မဆုံးခင်မှာဘဲ အကယ်ဒမီညစာစားပွဲမှာ စိန်နန်းတော်က စီစဉ်ထားတဲ့ Media Corner ကို ပြန်လှည့်ရပါတယ်။ ကိုယ့် Entertainment Media logo ပါတဲ့ MIC လေးနေသားတကျချထားပြီး အနုပညာရှင်ဖန်တီးရှင်များရဲ့ အကယ်ဒမီမုဒိတာစကားတွေကို တစ်ဦးပြီးတစ်ဦး ရယူရပါတော့တယ်။ ၂၀၂၄ အကယ်ဒမီဆု ၁၆ ဆုပေမယ့် ပေါင်းလိုက်တော့ ဇာတ်ကားကခြောက်ကားပါပဲ။ ကိုယ့်တိုက်ပိုင်က အကယ်ဒမီအချက်အလက်တွေ သေသေချာချာဖတ်မှတ်ရယူဖို့ မှာကြားတော့ ကျွန်တော့် Hand Phone ထဲမှာ အသင့်ရှိပါကြောင်း၊ ဖတ်မှတ်ပြီးပါကြောင်း Viber ပေါ်ကနေ Report ပြန်လုပ်ရပါတယ်။

Media Corner မှာ အင်တာဗျူးသတင်းတွေရယူရသလိုပဲ အကယ်ဒမီဂုဏ်ပြုညစာစားပွဲရဲ့ အစီအစဉ်ကိုလည်း အာရုံပြုရပြန်ပါတယ်။ ညစာစားပွဲကျင်းပတဲ့ Ballroom ရဲ့ ကျယ်ဝန်းတဲ့အနေအထား၊ မီးပန်းဆိုင်းတွေရဲ့အလှက ကြယ်ငါးပွင့်အဆင့်ရှိဟိုတယ်တွေရဲ့ Ballroom မျိုးပါပဲ ခမ်းနားလှပါတယ်။ Stage စင်မြင့်ပေါ်မှာ ကြီးမားတဲ့ LED ကြီးနဲ့အတူ အကယ်ဒမီရွှေစင်ရုပ်တုနှစ်ခုကလည်း ဘယ်ညာ ဟန်ချက်ညီခံ့ထည်နေပါတယ်။ တဖွဲဖွဲရောက်ရှိလာကြတဲ့ တက်ရောက်ချီးမြှင့်ကြသူတွေကို မှတ်တမ်းတင်ရင်း ခင်းကျင်းထားတဲ့ စင်မြင့်ပေါ်က စားပွဲပေါ်မှာ အကယ်ဒမီရွှေစင်ရုပ်တုကိုးဆုရှိနေတာ ရေတွက်မိပါတယ်။ ၁၆ ဆုဆိုတော့ အကယ်ဒမီဆုရသူ ခုနစ်ယောက်ရောက်ဖို့ကျန်သေးတယ်လို့ တွက်ဆမိပြီး ၂၀၂၄ အကယ်ဒမီဆုချီးမြှင့်ပွဲအကြောင်းဖတ်မှတ်သွားဖို့ မှာကြားချက်ကို ကျေးဇူးတင်မိနေပါတယ်။

စင်မြင့်ရဲ့ LED Board ပေါ်မှာ စိန်နန်းတော်ရတနာဆိုင်ရဲ့ ကြော်ငြာကိုလည်း မြိုင်မြိုင်ဆိုင်ဆိုင်တွေ့ရပါတယ်။ အဲ့ဒီကြော်ငြာပြီးတော့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၂၄ အကယ်ဒမီဆုရ ရုပ်ရှင်ဇာတ်ကားတွေကို ပြန်လည်ပြသမယ့် မြန်မာ့ရုပ်ရှင် ရက်သတ္တပတ်ကြော်ငြာကလည်း ရှေ့ဆင့်နောက်ဆင့်ပေါ်လာပါတယ်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ (၇၉) နှစ်မြောက်နေ့ဆိုတော့လည်း မနှစ်က ရန်ကုန် ဝင်္ဂပါလမ်းက အစည်းအရုံးပရိဝုဏ်ထဲမှာကျင်းပခဲ့တဲ့ မတ်လ ၈ ရက်နေ့က (၇၈)နှစ်မြောက်နေ့ကိုလည်း ပြန်သတိရမိတယ်။ ပြန်ကြားရေး ဒုတိယဝန်ကြီးတက်ရောက်တာကို သတင်းရယူခဲ့တာရယ် နိဗ္ဗာန်ဈေးလိုဈေးတန်းတွေက မုန့်တွေစားခဲ့ရတာရယ် အမှတ်ရမိတယ်။ တစ်နှစ်ဆိုတာမကြာလိုက်ပါလား။

ရုပ်ရှင်ကိုချစ် ရုပ်ရှင်ကြည့်ရတာ ကြိုက်လို့လည်း Entertainment Media တစ်ပွင့်ဖြစ်ခဲ့လျှင်၊ မီး၊ နှောင်၊ အိပ်မက်ကာရန်နဲ့ တိမ်ပန်းချီဇာတ်ကားတွေကို တစ်ကားကို သုံးရက်နှုန်းနဲ့ မတ်လ ၉ ရက်နေ့မှ မတ်လ ၂၉ ရက်နေ့ထိ ရက်သတ္တပတ်သုံးပတ်ကြာ မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်အဖြစ်ပြသသွားမှာဖြစ်ပါတယ်။ ပြသမယ့်ရုံက Star Cinema ဖြစ်တဲ့ မြဝတီမီဒီယာစင်တာရဲ့ အဆင့်မြင့်ရုပ်ရှင်ရုံမှာ ပြသမှာချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်၊ ၁၆-၃-၂၀၂၅ ရက်နေ့မှ ၁၈-၃-၂၀၂၅ ရက်နေ့ထိ မီး၊ ၂၀-၃-၂၀၂၅ ရက်နေ့မှ ၂၂-၃-၂၀၂၅ ရက်နေ့ထိ နှောင်၊ ၂၃-၃-၂၀၂၅ ရက်နေ့မှ ၂၅-၃-၂၀၂၅ ရက်နေ့ထိ အိပ်မက်ကာရန်၊ ၂၇-၃-၂၀၂၅ ရက်နေ့မှ ၂၉-၃-၂၀၂၅ ရက်နေ့ထိ တိမ်ပန်းချီတို့ပြမှာဖြစ်ပါတယ်။ ကျွန်တော်မကြည့်ရသေးတဲ့ ဇာတ်ကား




သတင်းသမားဖြစ်ခဲ့ရတာပါ။ အကယ်ဒမီဆုရဇာတ်ကားတွေ တစုတစည်းတည်း ကြည့်ရမှာဆိုတော့ သိပ်ကောင်းတဲ့အစီအစဉ်လို့လည်းခံစားမိလိုက်ပါတယ်၊ လက်ရှိရုပ်ရှင်လောကအခြေအနေကိုသိနေတော့ ရုပ်ရှင်ရုံအခက်အခဲရှိတာလည်းသိနေပါတယ်။ ရုံတင်ဖို့တန်းစီနေရတဲ့ ဇာတ်ကားတွေကလည်း ရာဂဏန်းရှိနေတယ်လို့ ကြားသိရပါတယ်။ ရုံအခက်အခဲရှိနေတဲ့ကြားက ၂၀၂၄ အကယ်ဒမီဆုရဇာတ်ကားတွေကိုပြသမယ့် အစီအစဉ်ကောင်းတွေကို ဘယ်လိုပြမှာလဲ၊ ဘယ်ရုံမှာပြမှာလဲ ဆိုတာသိချင်လာပါတယ်။

သွားပါများ ခရီးရောက် မေးပါများ စကားရဆိုသလို ရုပ်ရှင်အစည်းအရုံးက နှံ့စပ်သူဆီ စနည်းနာရတာပေ့ါ။ ၂၀၂၄ အကယ်ဒမီ ၁၆ ဆုချီးမြှင့်ခဲ့ပြီး ရုပ်ရှင်ဇာတ်ကားခြောက်ကားကရရှိခဲ့တာဖြစ်လို့ ရုပ်ရှင်ဆင်ဆာခွင့်ပြုချက်ရရှိခဲ့တဲ့ ရက်စွဲအလိုက် ဘိုးတော်ကင်း၊ ချစ်သူသာပန်းဖြစ်ကြောင်းလည်းသိရပါတယ်။ ရုပ်ရှင်ချစ်ပရိသတ်အတွက် အထူးအစီအစဉ်အနေနဲ့ အစည်းအရုံးရဲ့ နှစ်ပတ်လည်နေ့နဲ့ တိုက်ဆိုင်စွာ အကယ်ဒမီရဇာတ်ကားတွေ သီးသန့်ပြသတဲ့ မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်အဖြစ် စီစဉ်လိုက်ရတာလို့လည်း သိလိုက်ရတော့ စဉ်းစားစီစဉ်ပေးကြတဲ့သူတွေကိုလည်း ကျေးဇူးတင်မိပါတယ်။ ကျွန်တော်က ဒီခြောက်ကားမှာ နှောင်နဲ့ တိမ်ပန်းချီဇာတ်ကားရဲ့ ပရီမီယာရှိုးတွေ သွားရောက်သတင်းယူခဲ့တာမို့ အကယ်ဒမီ ဘယ်လိုတွေရတယ်လို့ သိရှိပြီးပေမယ့် ကျန်လေးကားကို မကြည့်လိုက်ရလို့ တောင့်တနေချိန်နဲ့လည်း တိုက်ဆိုင်နေပါတယ်။ ဒါကြောင့် ဇာတ်ကားတွေပြမယ့် ရက်တွေကိုဆက်ပြီး စပ်စုမိပြန်ပါတယ်။ တစ်ရက်ကို မွန်းလွဲ ၁ နာရီပွဲနဲ့ ၄ နာရီတို့မှာ နှစ်ပွဲပြမှာဖြစ်ပြီး ၉-၃-၂၀၂၅ ရက်နေ့မှ ၁၁-၃-၂၀၂၅ ရက်နေ့ထိ ဘိုးတော်ကင်း၊ ၁၃-၃-၂၀၂၅ ရက်နေ့မှ ၁၅-၃-၂၀၂၅ ရက်နေ့ထိ တွေကို Entertainment News တွေအဖြစ်သတင်းရယူရင်း ကြည့်ရမယ့် ဇာတ်ကားတွေ ရက်စွဲတွေ ပွဲချိန်တွေကို မှတ်သားမိနေပါတယ်။ ကြည့်ရမယ့်နေရာကလည်း တစ်ကြိမ်ကြည့်ခဲ့ဖူးပြီး အစစခေတ်မီပြည့်စုံလှတဲ့ ရန်ကင်း၊ ဘောက်ထော်၊ မိုးကောင်းလမ်းမပေါ်က မြဝတီမီဒီယာစင်တာရဲ့ အဆင့်မြင့်ရုပ်ရှင်ရုံမှာဆိုတော့ အကယ်ဒမီဆုရဇာတ်ကားကောင်းတွေက သွားရောက်ကြည့်ရှုဖြစ်မယ့် ကျွန်တော်အပါအဝင် ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် ရသတွေအပြည့်အဝပေးတော့မယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါလို့ သတင်းကောင်းပါးလိုက်ပါရစေတော့။ ဇာတ်ကားကောင်းတွေကို သွားရောက်ကြည့်ရှုရင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ (၇၉)နှစ်မြောက်နှစ်ပတ်လည်နေ့ကိုဂုဏ်ပြုကြို့ဆိုရင်း မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ကိုစောင့်မျှော်နေရင်း........ ။ ။

# ပဲခူးမြို့၌ နွေရာသီအခြေခံအားကစားသင်တန်းဖွင့်ပွဲကျင်းပ

**ပဲခူး မတ် ၃**

အမျိုးသားအားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရန်၊ လူငယ်၊ လူရွယ်များ နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် နွေရာသီသင်တန်းများမှတစ်ဆင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ နွေရာသီအခြေခံ အားကစားသင်တန်းဖွင့်ပွဲကို မတ်လ ၃ ရက်တွင် ပဲခူးမြို့ရှိ တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးဦးမျိုးအောင်က မိမိဝါသနာပါရာ အားကစားနည်းများကို သင်ယူခြင်းဖြင့် ပဲခူးတိုင်းဒေသကြီး အားကစားကဏ္ဍနှင့် အမျိုးသားအားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရေး၊ နွေရာသီအခြေခံအားကစားသင်တန်းများမှ ဗီဇပါရမီရင့်သန်ပြီး အောင်မြင်မှုအလားအလာရှိသော ရွက်ပုန်းသီးမျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် အားကစားသင်တန်းများ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ရွတ်ဆိုပြီးနောက် တာဝန်ရှိသူများက အားကစားနည်းအလိုက် အားကစား အထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် ဟော်ကီ၊ ဘောလုံး၊ အေရိုးဗစ်၊ ကရာတေး၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ မြန်မာ့သိုင်း၊ ဖူဆယ်၊ တင်းနစ်၊ ကြက်တောင်အားကစားနည်း ၁၁ မျိုးဖြင့် မတ်လ ၁ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီး အားကစားခန်းမ၌ အေရိုးဗစ်၊ ကရာတေး၊ ဘတ်စကက်ဘော၊ ကြက်တောင်အားကစားနည်းများကို လည်းကောင်း၊ ခရိုင်အားကစားကွင်း၌ ဟော်ကီ၊ ပြေးခုန်ပစ်အားကစားနည်းများကိုလည်းကောင်း၊ ဟံသာဝတီယူနိုက်တက်ဘောလုံးကွင်း၌ ဘောလုံးအားကစားနည်းကို လည်းကောင်း၊ တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ခန်းမ၌ စားပွဲတင်တင်းနစ်အားကစားနည်းကိုလည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း (စာလေးကွင်း)၌ မြန်မာ့သိုင်းအားကစားနည်းကိုလည်းကောင်း၊ ဖူဆယ်အားကစားကွင်း(ဟသ်ာကုန်း)၌ ဖူဆယ်အားကစားနည်းကိုလည်းကောင်း၊ ဟသ်ာတင်းနစ်ကွင်း၌ တင်းနစ်အားကစားနည်းကို လည်းကောင်း သတ်မှတ်ထားသည့် သင်တန်းအချိန်အတိုင်း သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

# တောင်သာမြို့နယ် ကျေးရွာ ၁၀ ရွာ၌ VDP စီမံကိန်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

**တောင်သာ မတ် ၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာ ၁၀ ရွာ၌ စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် အလယ်ချိုင့်(တ)နှင့် သဲတောကျေးရွာတို့၌ ဆိုလာရေသန့်စင်စနစ်နှစ်ခု တပ်ဆင်ခြင်းနှင့် အရှည်ပေ ၄၆၀၊ အကျယ် ၁၂ ပေနှင့် ထု ၆ လက်မရှိ ကွန်ကရစ်လမ်းနှစ်လမ်းခင်းခြင်း၊ ထန်းပင်ခြံရွာမကျေးရွာ၌ အလျားပေ ၂၈၂၀၊ အကျယ် ၁၂ ပေနှင့် ထု ၁ ပေ ၆ လက်မရှိ ဂျင်းခင်းခြင်း၊ ချောင်းနား၊ ပေါက်ကန်၊ ရုံးစည်ကြီး၊ ဆုံကုန်း၊ ကျူချောင်း၊ ငါးပင်စင်နှင့် ဆီမီးကန်ကျေးရွာတို့၌ အရှည်ပေ ၅၇၅ ပေ၊ အကျယ် ၁၂ ပေနှင့် ထု ၆ လက်မရှိ ကွန်ကရစ်လမ်း တစ်လမ်းစီခင်းခြင်း လုပ်ငန်းများကို ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစတင်၍ ကျေးရွာပြည်သူလူထုကိုယ်တိုင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများဆောင်ရွက်ရာတွင် ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေငွေကျပ် သိန်း ၁၅၀၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာနှင့် အနီးကပ်ကြီးကြပ်မှု၊ ကျေးရွာပြည်သူထည့်ဝင်ငွေနှင့်လုပ်အားတို့ပေါင်းစပ်ကာ ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော အခြေခံဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

# ပုသိမ်ခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧက ၁၄၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်



**ပုသိမ် မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧက ၁၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံလျာထားဧက ၁၄၆၂၉ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါသီးနှံစုံ ၁၄၆၂၉ ဧကတွင် ပုသိမ်မြို့နယ်၌ ၁၇၁၅ ဧက၊ ကန်ကြီးထောင့်မြို့နယ်၌ ဧက ၂၄၁၀၊ သာပေါင်းမြို့နယ်၌ ၄၅၇၉ ဧက၊ ငပုတောမြို့နယ်၌ ၅၉၂၅ ဧကဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပုသိမ်ခရိုင်အနေနဲ့ သီးနှံစုံဧက ၁၄၀၀၀ ကျော် စိုက်ပျိုးခဲ့ပါတယ်။ တောင်သူတွေ သီးနှံတွေစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းစေဖို့၊ မျိုးစေ့ရွေးချယ်မှုမှန်ကန်စေဖို့၊ ဈေးကွက်ဝင်တဲ့သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ တောင်သူတွေ စိုက်ပျိုးမယ့်သီးနှံတွေ ပိုးမွှားရောဂါကင်းရှင်းစေဖို့အပါအဝင် တခြားနည်းပညာပေးလုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူကပြောသည်။

ပုသိမ်ခရိုင်၌ သီးနှံများ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ သီးနှံစုံ ၁၄၆၂၉ ဧကတွင် ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ရွှေဖရုံ၊ ဟင်းနုနယ် စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း၊ စိုက်ပျိုးသီးနှံများကို လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေပြီး သီးနှံဈေးနှုန်းများလည်း တည်ငြိမ်ကျဆင်းလာမည်ဖြစ်ကာ ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# စစ်ကိုင်းမြို့၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း(၁/ ၂၀၂၅)ဖွင့်လှစ်

**စစ်ကိုင်း မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို မတ်လ ၃ ရက်တွင် စစ်ကိုင်းမြို့ရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းအောင်က နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူများအား အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ပန်းချီပညာရပ်ကို အခြေခံမှစ၍ စနစ်တကျ သင်ယူလေ့လာပြီး ပန်းချီပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်နိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်စေရန်နှင့် ငယ်စဉ်ကတည်းက တီထွင်ဖန်တီးတတ်သည့်အလေ့အကျင့်ကောင်းများ ဖြစ်လာစေရန်အတွက် အခြေခံပန်းချီ ရေးဆွဲနည်းသင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပန်းချီပညာရှင် ဦးထွန်းဦးက သင်တန်းတွင် သင်ကြားပေးမည့် ပန်းချီရေးဆွဲနည်းများအကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

အခြေခံပန်းချီရေးဆွဲနည်း သင်တန်းကို မတ်လ ၃ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးအား အခြေခံပန်းချီရေးဆွဲနည်းများကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

# နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများဒီပလိုမာသင်တန်း အမှတ်စဉ် (၂) အပိုင်း(၁)နှင့် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းစံများဒီပလိုမာသင်တန်း အမှတ်စဉ်(၂) အပိုင်း(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



နေပြည်တော် မတ် ၃

မြန်မာနိုင်ငံစာရင်းကောင်စီမှ ကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင် ဖွင့်လှစ်သည့် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများဒီပလိုမာသင်တန်း အမှတ်စဉ် (၂) အပိုင်း(၁) (Diploma in International Public Sector Accounting Standards – Dip IPSAS)နှင့် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများဆိုင်ရာ ဒီပလိုမာသင်တန်း (Diploma in International Financial Reporting Standards–Dip IFRS) အမှတ်စဉ် (၂) အပိုင်း(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်ကဏ္ဍများတွင် စာရင်းပညာကျွမ်းကျင်သူ၊ စာရင်းပညာရှင်နိုင်ငံ့ဝန်ထမ်းများ အချိုးညီတိုးပွားလာစေရန်နှင့် စာရင်းပညာပြန့်ပွားစေရန်ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် IPSAS နှင့် IFRS စာရင်းစံများနှင့် စပ်လျဉ်းသည့် အသိပညာဗဟုသုတများနှင့် မိမိဌာန၏ ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရေးဆွဲရာတွင် လက်တွေ့အသုံးချလိုက်နာကျင့်သုံးခြင်းဖြင့် ပိုမိုကောင်းမွန်သည့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် ဘဏ္ဍာရေးအစီရင်ခံစာများကို ရေးဆွဲနိုင်ကြမည်ဖြစ်ကြောင်း။

IPSAS နှင့် IFRS သင်တန်းများကို Batch တစ်ခုလျှင် သင်တန်း level သုံးခုခွဲ၍ သင်ကြားပေးမည်ဖြစ်ပြီး level တစ်ခုချင်းစီအလိုက် သင်တန်းတက်ရောက်အောင်မြင်သူများကို Certificate လက်မှတ်များပေးအပ်သွားမည်ဖြစ်ကြောင်း၊ Level- III အထိ တက်ရောက်အောင်မြင်သူများကို ဒီပလိုမာအောင်လက်မှတ် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည့်အတွက် ဘွဲ့လွန်ဒီပလိုမာရရှိစေရေး ဖွဲ့လုံ့လရှိစွာ အစဉ်တစိုက်လေ့လာသင်ယူ ကြိုးစားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော် သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

IPSAS သင်တန်းတွင် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံ ကိုးခုပို့ချမည်ဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ငါးဦး၊ ဝန်ကြီးဌာန ၁၆ ခုမှ ၃၄ ဦး စုစုပေါင်း သင်တန်းသား ၃၉ ဦး၊ IFRS သင်တန်းတွင် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံ ၁၁ ခု ပို့ချမည်ဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ၁၅ ဦး၊ ဝန်ကြီးဌာန ၂၂ ခုမှ ၃၉ ဦး စုစုပေါင်းသင်တန်းသား ၅၄ ဦး တက်ရောက်မည်ဖြစ်သည်။ IPSAS သင်တန်းကို မတ်လ ၃ ရက်မှ မေလ ၁၉ ရက်အထိနှင့် IFRS သင်တန်းကို မတ်လ ၃ ရက်မှ မေလ ၅ ရက်အထိ သင်တန်းကာလ နှစ်လကျော်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ ငွေတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကနှင့် သင်တန်းသားများက နေပြည်တော်ရှိပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌လည်းကောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှ တာဝန်ရှိသူများက Online ဖြင့်လည်းကောင်း တက်ရောက်ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

# လူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနနှင့်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်းအမှတ်စဉ်(၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။



ဖွင့်ပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်ရဲနိုင်မျိုး(ငြိမ်း)နှင့်တာဝန်ရှိသူများ၊ လူငယ်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက သင်တန်းသားများအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချပေးခဲ့သည့် ပညာရပ်များကိုအခြေခံပြီး လက်တွေ့နယ်ပယ်တွင်အသုံးချ၍ အတွေ့အကြုံများဖြင့်ကိုယ်ရည်ကိုယ်သွေးတိုးတက်စေရန်နှင့် မိမိတတ်ကျွမ်းထားသည့် ပညာရပ်များကို တစ်ပါးသူအား ပြန်လည်မျှဝေပေးနိုင်ရန်ကြိုးစားသင်ယူပြီး ကျေးရွာကဏ္ဍများတွင် တက်တက်ကြွကြွဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

သင်တန်းကို မတ်လ ၃ ရက်မှ ၇ ရက်ထိ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှသင်တန်းနည်းပြဆရာမ ဒေါ်နန်းကေခိုင်မြတ်ထွန်းနှင့် ဒေါ်ခိုင်ခိုင်မော်တို့က သင်တန်းသား ၃၀ တို့ကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှဦးဆောင်၍ အမျိုးသမီးများခေါင်းဆောင်မှုစွမ်းရည်မြှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ဦးဆောင်၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် အမျိုးသမီးများ ခေါင်းဆောင်မှုစွမ်းရည်မြှင့် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ အမျိုးသမီးစွမ်းဆောင်ရည်မြှင့် အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့်ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခရိုင်၁၄ ခရိုင်မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြို့နယ်ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ အမျိုးသမီးအားကစားဆပ်ကော်မတီဝင်များ၊ တိုင်းလူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အမျိုးသမီးများခေါင်းဆောင်မှု စွမ်းရည်မြှင့် အလုပ်ရုံဆွေးနွေးပွဲတွင် Women leadership, Negotiation process, Team Building & Team development, Be professional, Emotional management, Business Communication ခေါင်းစဉ်များဖြင့် အဖွဲ့လိုက် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် မတ် ၃

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ (မိုး/ဇလ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဧည့်ပရိသတ်များက မော်စကိုမြို့ မြန်မာထေရဝါဒဗုဒ္ဓစင်တာ သဒ္ဓမ္မဇောတိကသိမ်တော်အတွင်း၌ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအစ္စရိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

❖ **ကျောဖုံးမှအဆက်**

သံဃာတော်အရှင်သူမြတ်တို့အား နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါမော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာအား ရုရှားနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် နိုင်ငံတော်သြဝါဒစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရနှင့် အပြည်ပြည်ဆိုင်ရာ သာသနာပြုတက္ကသိုလ်၊ ပါမောက္ခ မဟာဌာနမှူး ဓမ္မဒူတ ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒတို့၏ သြဝါဒကိုခံယူ၍ နိုင်ငံတော် စီမံ အုပ် ချုပ် ရေး ကောင် စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား အမှူးထား၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးနှင့် စစ်သံရုံးမိသားစုများ၊ ရုရှားနိုင်ငံတွင် ပညာတော်သင်ရောက်ရှိလျက်ရှိသည့် သင်တန်းသားမိသားစုများပူးပေါင်း၍ ၂၀၁၃ ခုနှစ်တွင် စတင်စီစဉ်ဆောင်ရွက်ခဲ့ကြပြီး ၂၀၁၅ ခုနှစ်တွင် ကျောင်းရေစက်ချ အခမ်းအနားကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ မြန်မာ့ထေရဝါဒဗုဒ္ဓဝိဟာရ၌ ရပ်ကွက်ရှင်လူများ စိတ်အေးချမ်းသာစွာဖြင့် တရားအားထုတ်နိုင်ရန် သီတဂူဆရာတော်ကြီး၏ သြဝါဒကိုခံယူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ မြန်မာသံရုံးနှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ရပ်ကွက်ရှင်လူ ပြည်သူအများ၊ ရုရှားနိုင်ငံရောက်ပညာတော်သင် သင်တန်းသားအရာရှိများစုပေါင်း၍ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အလှူရှင်များက ရေစက်ချလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါတွင် ရုရှားနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များနှင့် အိမ်နီးချင်းနိုင်ငံများမှ ဗုဒ္ဓဘာသာဝင်များ သာသနာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အလေးထားရသည့် နေရာတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တိုင်းဒေသကြီးအစိုးရအဖွဲ့မှလှူဒါန်းသည့် စာအုပ်များအား ရပ်ကွက်ကျေးရွာစာကြည့်တိုက်များသို့ ထပ်ဆင့်လှူဒါန်းပွဲနှင့် ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့မှလှူဒါန်းသည့် စာအုပ်များအား ရပ်ကွက်/ ကျေးရွာစာကြည့်တိုက်များသို့ ထပ်ဆင့်လှူဒါန်းပွဲနှင့် ဆွေးနွေးပွဲကို ယနေ့တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



ရှေးဦးစွာ တွံတေးမြို့နယ် စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှသိမ်း(အမျိုးသားစာပေဆုရှင် ဆရာမင်းသျှင်အောင် တွံတေး)က စာအုပ်များ မပျောက်ပျက်အောင် ထိန်းသိမ်းထားရှိရန်နှင့် စာပေဖတ်ရှုခြင်းကြောင့်ရရှိမည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဦးက စာအုပ်စာစောင်လှူဒါန်းရခြင်း၏ရည်ရွယ်ချက်နှင့် ရပ်ကွက်/ ကျေးရွာအတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်မှူးများအနေဖြင့် စာကြည့်တိုက်လုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရေး ဆောင်ရွက်ရန်၊ စာအုပ်များကို တိုက်ပိုင်မှတ်ပုံတင်စာရင်းရေးသွင်းရန်၊ စာကြည့်တိုက်များတွင် လိုအပ်သည့်စာအုပ်စာစောင်ငှားရမ်းသည့်စနစ်များ ကောင်းမွန်စေရန်အတွက် ဆောင်ရွက်ရမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစာကြည့်တိုက်များကြီးကြပ်မှုကော်မတီမှ စာကြည့်တိုက်တစ်တိုက်လျှင် စာအုပ် ၁၂၈ အုပ်နှုန်းဖြင့် တွံတေးမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာစာကြည့်တိုက် ၁၁ ခုသို့ တာဝန်ရှိသူများက ထပ်ဆင့်ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာစာကြည့်တိုက်မှူးများက အသီးသီးလက်ခံရယူခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ခင်းကျင်းပြသထားသော သုတ၊ ရသ၊ စာအုပ်များနှင့် နံရံကပ်စာစောင်များကို တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**တွံတေးသား**

# လှိုင်ကော်မြို့၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

လှိုင်ကော် မတ် ၃

ကယားပြည်နယ် လှိုင်ကော်မြို့အတွင်း အသက် ၁၄ နှစ်နှင့်အထက် လူငယ်မောင်မယ်များနှင့် မိသားစုဝင်များအတွက် သင့်တော်ကောင်းမွန်သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ယနေ့တွင် ကယားပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို ကယားပြည်နယ်အစိုးရအဖွဲ့၏ပံ့ပိုးမှုဖြင့် ကယားပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းဆပ်ကော်မတီနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး ဖွင့်ပွဲတွင် ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အတွင်းရေးမှူးက သင်တန်းဖွင့်အမှာစကားပြောကြား၍ သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကို သင်တန်းဆရာထံ လွှဲပြောင်းပေးအပ်သည်။

ယင်းသင်တန်းကို မတ်လ ၃ ရက်မှ ၇ ရက်အထိ သင်တန်းနည်းပြနှစ်ဦးက စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိပြီး သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

(၄၀၅)

## အများအားဖြင့်သာယာမည်

၄-၃-၂၀၂၅

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင်နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

(မိုး/ဇလ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှတာဝန်ရှိသူများ ခရီးစဉ်တွင်လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin နှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေးခြင်း၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးခြင်းများအပါအဝင် ရုရှားအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကိုဆောင်ရွက်သွားမည်ဖြစ်ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်မိုးကျော်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

လေဆိပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအားကြိုဆိုသည့် အစဉ်အလာနှင့်အညီ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက မော်စကိုမြို့ရှိ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

## ❖ ယခုနှစ်တွင် ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးသည် (၇၇)နှစ်ပြည့်မြောက်ပြီဖြစ်ပြီး နှစ်နိုင်ငံဆက်သွယ်ဆက်ဆံမှု၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ အပြန်အလှန်လည်ပတ်မှု၊ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုတို့၌ တိုးတက်မှုများဖြစ်ပေါ်လျက်ရှိပြီး ဆက်လက်၍လည်း ဆက်သွယ်ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ် . . .

ဂုဏ်ပြုကြိုဆိုခဲ့သည်။ ထို့နောက် အလေးပြုခံနေရာ၌ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူသည်။ ထိုသို့ဆောင်ရွက်စဉ် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံနိုင်ငံတော်သီချင်းများအား တီးမှုတ်ဂုဏ်ပြုအလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရုရှားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးက ရုရှားနိုင်ငံအစိုးရမှ တာဝန်ရှိသူများနှင့်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုစဉ်။



မိတ်ဆက်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များဖြင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူခဲ့သည်။

ယခုနှစ်တွင် ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးသည် (၇၇)နှစ်ပြည့်မြောက်ပြီဖြစ်ပြီး နှစ်နိုင်ငံဆက်သွယ်ဆက်ဆံမှု၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ အပြန်အလှန်လည်ပတ်မှု၊ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုတို့၌ တိုးတက်မှုများဖြစ်ပေါ်လျက်ရှိပြီး ဆက်လက်၍လည်း ဆက်သွယ်ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးက ရုရှားနိုင်ငံအစိုးရမှ တာဝန်ရှိသူများနှင့်မိတ်ဆက်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များဖြင့် ပြန်လည်မိတ်ဆက်ပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# High-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing arrives in Russian Federation



The State Guard of Honour of Russia welcomes Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing.

NAY PYI TAW March 3

A high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing left Nay Pyi Taw Tatmadaw Airport by special flight this morning to pay an official goodwill visit to Russian Federation at the invitation of President H.E. Vladimir Vladimirovich Putin.

The Senior General and delegation were seen off at the airport by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, the SAC Secretary General Aung Lin Dway, SAC members, union ministers, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, and officials of Russian Embassy in Myanmar and Military Attache Office.

Together with the Senior General, members of the delegation, SAC Joint Secretary General Ye Win Oo, SAC member General Nyo Saw, union ministers U Than Swe, Admiral Moe Aung, Dr Kan Zaw, U Ko Ko Lwin, Dr Myo Thein Kyaw, Bago Region Chief Minister U Myo Swe Win, senior military officers from the Office of the Commander-in-Chief, deputy ministers, military and civilian officials, left the airport on the same flight.

During the visit, meetings will be held with Russian government officials including President of Russian Federation H.E. Vladimir Vladimirovich Putin, the Prime Minister of Russia, speakers of Russian parliaments, and the talks will be centred on further promotion of strategic cooperation in friendship, economy, security affairs and multiple sectors between the governments and peoples of the two countries.

The delegation led by the Senior General arrived at Vnukovo International Airport in Moscow in the evening at local time and were welcomed by Minister of Economic Development of Russia Mr. Maxim Reshetnikov, the Deputy Minister of Foreign Affairs and officials, Myanmar Ambassador to Russia U Thit Lin Ohn, Russian Ambassador to Myanmar H.E. Mr. Iskander Azizov, and Myanmar Military Attache (Army, Navy and Air) Brig-Gen Moe Kyaw.

The State Guard of Honour of Russia welcomed the Senior

See Page - 19 ►►



Senior General Min Aung Hlaing inspects Guard of Honour.

►► From Page - 18

General in accord with the tradition of welcoming the state leaders who are on a state visit. He then took the salute of the Guard of Honour on the dais, while the Guard of Honour played the national anthems of the two countries.

The Economic Development Minister introduced the Senior General to officials of the Russian government and the Senior General greeted the welcoming party together with the delegation.

Then the Guard of Honour marched past the Senior General.

This year marks the 77th Anniversary of Russia-Myanmar diplomatic relations and both countries are witnessing the progress in bilateral diplomatic relations, exchanging visits of state-level dignitaries, and multisector cooperation, and efforts will be made for further promotion of bilateral relations.

**100**



Senior General Min Aung Hlaing shakes hands with a Russian military official.

# More than 1,900 acres of croplands placed under sunflower in Kanbalu Township

KANBALU March 3

According to the statistics of Kanbalu Township Department of Agriculture, a total of 1,927 acres of sunflower has been planted in Kanbalu Township of Sagaing Region.

In 2024-2025 cold season, Kanbalu Townshoip earmarked 3,044 acres of sunflower, a total of 1,927 of which has been planted.

U Myo Zaw, Head of Kanbalu Township Agriculture Department clarified: "Local authorities earmarked cultivation of more than 3,000 acres of sunflower in the township but farmers have so far planted over 1,000 acres of crops. They are trying hard to meet the target cultivation. Growing sunflower aims to reduce import of cooking oil abroad. Oil product of sunflower is larger than groundnut and sesame. Local farmers prefer to grow sunflower in winter rather than monsoon."

Officials of Kanbalu Township Agriculture Department raise momentum of training courses to improve capacity of local farmers and agricultural staff in growing sunflower and expanding sown acreage of crops.

This year, township authorities arrange sale of quality seeds and urea fertilizers to local farmers at fair prices.

**SMK**

# Shwebo Township finishes cultivation of winter sesame

SHWEBO March 3

Statistics of Shwebo Township Agriculture Department mentioned that a total of 9,581 acres of winter sesame has been planted in Shwebo Township of Sagaing Region.

Local farmers have so far planted 9,581 acres of sesame as cold season crops in Shwebo Township against the target of 9,587 acres.

U Hsan Oo, Head of Shwebo Township Agriculture Department commented: "This cold season, local authorities planned to grow 9,587 acres of sesame in Shwebo Township but farmers have so far planted 9,581 acres. They are striving for meeting the target cultivation. Sown acreage of sesame is on the rise yearly. Farmers prefer to grow sesame in winter rather than monsoon season."

Officials of the Township Agriculture Department raise farmer awareness to grow sesame successfully with quality seeds and GAP techniques so as to boost per-acre yield of crops.

The crops planted in GAP system have higher quality and grasp greater market shares at home and abroad. Consequently, farmers will have improvement of their socio-economic life.

**SK**

# ChaungU Township finishes cultivation of peanut on more than 5,000 acres of croplands

CHAUNGU March 3

The statistics of ChaungU Township Agriculture Department stated that a total of 5,415 acres of peanut has been planted in the township of Sagaing Region this year.

Local farmers grew 5,415 acres of peanut against the target of 6,900 acres of crops in ChaungU Township, starting from October this year.

Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department commented: "Local authorities earmarked 5,900 acres of peanut this cold season, 5,415 acres of which has been planted by local farmers. Our department helps local farmers grow crops meeting the target. Peanut plantations are thriving in the township. Sown acreage of peanut is on the rise year by year.

Farmers use 1.5 baskets of peanut seeds per acre and cost more than Ks-200,000 per acre of peanut for quality seeds, labour charge, fertilizers and pesticides. The crops yield more than 50 baskets per acre.

This year, officials of the Township Agriculture Department make field trips to the peanut plantations for thriving of crops, prevention of pests, and removal of weeds.

**SK**

# More than 500 acres of vegetables planted in Kyunhla Township

KYUNHLA March 3

Local farmers have planted 561 acres of vegetables as cold season crops in Kyunhla Township of Sagaing Region this year, according to the statistics of Kyunhla Township Agriculture Department.

In 2024-2025 cold season, local authorities set a plan to grow 577 acres of vegetables in Kyunhla Township but farmers have so far planted 561 acres of vegetables against the target cultivation.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department, disclosed: "This year, we earmark to grow 577 acres of vegetables in Kyunhla Township but farmers have so far planted 561 acres of crops. They grow mustard, chilli, spicy, potato, cabbage, eggplant, ladyfinger, cauliflowers and Chinese cabbage as well as cannabis. We share agricultural techniques with local farmers to grow crops in GAP system. Only when they grow crops in GAPs will vegetables be healthy for public consumption with least chemical residue."

Township Agriculture Department conduct training courses for local farmers and staff from the department to enhance their capacity for growing vegetable crops to be able to produce healthy crops for public consumption and expand sown acreage of crops.

Local farmers earn increased incomes from their vegetable plantations which are thriving in the township. Officials of the Township Agriculture Department disseminate techniques about making natural fertilizers and pesticides as well as ways of preventing pests.

**SMK**

# 253 more illegal foreign entrants detained in Myanmar

NAY PYI TAW March 3

A total of 253 illegal foreign entrants have been further identified and detained today as part of ongoing investigations into individuals involved in online gambling, online scams, and criminal activities in Myawady Town and the Shwe Kokko area of Kayin State. These individuals had entered Myanmar illegally through border routes, having transited through neighboring countries, including Thailand.

Authorities are now working in coordination with relevant departments to collect and document the personal details of the detainees to facilitate their repatriation to their respective countries as soon as possible. Between January 30 and March 3, 2025, a total of 3,727 illegal foreign entrants have been identified and detained across Myanmar. Of these, 757 individuals have already been repatriated to their respective countries via Thailand in accordance with legal procedures. The remaining 2,970 individuals are now prepared for transfer, and they are currently being held under proper detention conditions.

The state is actively working to identify, arrest, and take strict legal action against foreign nationals involved in online scam operations and their backers. Additionally, Myanmar is cooperating closely with relevant authorities to expedite the repatriation of distressed foreign nationals and victims of human trafficking to their home countries.

**100**



253 illegal foreign nationals further detained.

# Yamandu Orsi sworn in as Uruguay's new president

MONTEVIDEO March 3

Yamandu Orsi was sworn in Saturday as Uruguayan president for a five-year term.

Orsi, from the left-wing coalition the Broad Front, took the oath of office in parliament a little more than three months after defeating his center-right rival Alvaro Delgado in a tightly contested election.

Born in June, 1967, Orsi once worked as a school history teacher, during which he became active in local politics. Later, he became mayor of Canelones, Uruguay's second-most populous department. **Xinhua**

# At least 15 killed in traffic accident on Bolivian highway

LA PAZ March 3

At least 15 people died and 19 others were injured after a van and a passenger bus collided on the road that connects the Bolivian departments of Oruro and Potosi on Monday, said local police.

Limbert Choque, spokesperson for the Departmental Police Command told reporters that the bus, which was carrying more than 50 passengers, was heading from Oruro to Potosi, while the van was traveling in the opposite direction.

This is the second large-scale accident recorded during these carnival days in the highland region of Bolivia. A head-on collision between two interprovincial buses on the same road left 37 dead and 39 injured on March 1.

The death toll from road accidents in Bolivia has risen to at least 120 people so far this year, according to police data.

**Xinhua**

# At least one dead after car rams pedestrians in Germany – media

BERLIN March 3

German police have arrested the driver of a vehicle which drove into several pedestrians in the city of Mannheim on Monday, killing at least two people, according to local media. Police have confirmed one fatality.

Witnesses reportedly said that the incident, which left dozens of people injured, was intentional. However, police have not commented on the suspect's possible motives.

The incident happened in a square in the city center usually used for parades, though no event was taking place on Monday, news outlets have said. Law enforcement has urged people to avoid the general area.

Vehicular attacks are a hot button issue in Germany due to potential links to terrorism and perceived threats posed by migrants.

Last month, an Afghan national plowed through a rally in Munich leaving dozens of people injured. A two-year-old girl and her mother later died in a hospital from injuries they suffered.

In December, a 50-year-old Saudi psychiatrist drove his car into a crowd at the Magdeburg Christmas market, resulting in five fatalities, including a child, and leaving over 200 people injured.

In December 2016, Berlin was the scene of the country's worst Islamic-inspired terrorist attack to date. A Tunisian man at the wheel of a stolen semi-trailer truck drove into throngs of people visiting a Christmas market. Twelve people were killed and more than a hundred were injured.

Mannheim is the second-largest city in the southwestern German state of Baden-Wurttemberg.

**RT**

# Israel to build barrier along Jordan border: defence minister

JERUSALEM March 3

Israel will begin constructing a 1.445-billion-U.S. dollar barrier along the border with Jordan in the coming months, Israeli Defence Minister Israel Katz said on Monday.

Katz outlined the plan during a tour of the Jordan Valley, stating in a video message that the 425-km barrier will stretch from the southern part of the Israeli-controlled Golan Heights, through the occupied West Bank, to the Samar sands, north of Eilat, in the south of the country.

The project, expected to be completed within three years, aims "to prevent weapons smuggling and terrorism, and strengthen settlements," Katz said. He also announced plans to establish new military outposts along the barrier's route to "reinforce our hold on the area."

According to Katz, weapons smuggled from Jordan to the West Bank have been used in attacks against Israelis.

Israel has long considered a new fence along the Jordanian border. In November 2024, the Defence Ministry began detailed engineering plans following a September attack at the Allenby Bridge Crossing that killed three Israelis and a Jordanian assailant.

In the West Bank, the Israeli forces continued operations, killing dozens and causing widespread destruction over the past weeks. Meanwhile, talks appear to have stalled on the second phase of a fragile ceasefire in Gaza between Israel and Hamas. **Xinhua**

# High-level delegation led by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing pays obeisance to Sayadaws at Myanmar Theravada Buddhist Centre



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing offers donations to the Sayadaw of the Theravada Buddhist Centre in Moscow, Russia.

NAY PYI TAW March 3

A high-level delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, which is paying an official friendly visit to Russian Federation, accompanied by Myanmar Ambassador to Russian Federation U Thit Lin Ohn and the Myanmar military attaché (Army, Navy and Air) to Russia, paid a visit to the Myanmar Theravada Buddhist Centre in Moscow and paid obeisance to the Sayadaw this evening local time.

First, the Senior General and delegation visited the Myanmar Theravada Buddhist Centre in Moscow and paid obeisance to presiding Sayadaw Maha Suddhama Jotika Dhaja Dr Bhaddanta Isariya in the Suddhama Jotika ordination hall to inquire about religious matters, accommodation and transportation, requirements for the Buddhist centre, religious activities to propagation of Buddhism in Russia before attending to the needs.

Then, the Senior General and delegation received the five precepts from the Sayadaw and meditated on sermons delivered by the Sayadaw.

Then, the Senior General and delegation offered cash and donations for the Sayadaw and monks.

The Myanmar Theravada Buddhist Centre in Moscow was established with the donations of the families of the Tatmadaw (Army, Navy and Air), families of the Embassy of Myanmar to Russian Federation, the office of the Military Attaché of Myanmar to Russia and those who are studying in Russia on scholarship led by the Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla with the aim of the propagation of the Buddha Sasana under the guidance of State Ovada Cariya Shwekyin Nikara Chairman Ghanadhipati Saulasama head of the Shwe Kyin sect Chancellor of Sitagu Buddhist Universities and Sitagu Hospitals Abhidhama Maha Ratha Guru Abhidhama Agga Maha Suddhama Jotika Dhaja Maha-Dhamma Kahtika Bhahu Jhana Hita Dhara Sitagu Sayadaw Dr Bhaddanta Nyarnisyssara and Professor (Head of Department) of the International Buddhist Missionary University Dhammaduta Sayadaw Dr Ashin Cekinda in 2013 and the merit sharing ceremony for the centre was held in 2015. Similarly, under the guidance of the Sitagu Sayadaw, with the aim of practicing meditation at Myanma Theravada Buddha Vihara was built with the donations of the families of the Tatmadaw (Army, Navy and Air), families of the Embassy of Myanmar to Russian Federation, the office of the Military Attaché of Myanmar to Russia and those who are studying in Russia on scholarship led by the Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla and the merit sharing ceremony of the building was held in 2021. At present, the centre has become a hub for Buddhists in Russia and neighbouring countries.**100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အပစ်အခတ်ရပ်စဲရန်ငြင်းဆိုမှုအတွက် ဇီလန်စကီအား အီလွန်မက်က အပြင်းအထန်ဝေဖန်



**မော်စကို၊ ငြိမ်းချမ်းရေး**

ရုရှားနိုင်ငံနှင့် အပစ်အခတ်ရပ်စဲရန် ငြင်းဆိုမှုအတွက် ယူကရိန်းသမ္မတဇီလန်စကီအား အမေရိကန်ဘီလီယံနာနှင့်သမ္မတ ဒေါ်နယ်ထရမ့်၏အကြံပေးတစ်ဦးဖြစ်သူ အီလွန်မက်က အပြင်းအထန်ဝေဖန်လိုက်ကြောင်း မီဒီယာတစ်ခုတွင်မတ်လ ၃ ရက်က ဖော်ပြသည်။

ယူကရိန်းနိုင်ငံသည်ငြိမ်းချမ်းရေးအတွက် စေ့စပ်ဆွေးနွေးရန် ငြင်းဆိုခြင်းအားဖြင့် လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခကို ပိုမိုရှည်ကြာစေရန်ဖန်တီးလျက်ရှိပြီး ယူကရိန်းပြည်သူအများအပြားကို အသက်ဆုံးရှုံးစေရန်လုပ်ဆောင်လျက်ရှိကြောင်း မက်က ပြောကြားထားသည်။

မက်၏ အဆိုပါပြောကြားချက်သည် ယူကရိန်းသမ္မတ ဇီလန်စကီက ရုရှားနှင့် တွေ့ဆုံဆွေးနွေးရန်ငြင်းဆိုခဲ့ပြီး အနောက်ဥရောပရှိ မဟာမိတ်နိုင်ငံများမှ ငွေကြေးထောက်ပံ့မှုရရှိရန် တောင်းဆိုနေစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

ထရမ့်ဦးဆောင်သည့်အမေရိကန်အစိုးရအနေဖြင့် ယူကရိန်းနိုင်ငံက အပစ်အခတ်ရပ်စဲရေးအတွက် စေ့စပ်ဆွေးနွေးမှုများပြုလုပ်ရန် သဘောတူညီခြင်းမရှိပါက ယူကရိန်းအစိုးရသို့ အကူအညီများပေးအပ်မည်မဟုတ်ဟု ပြောကြားထားသည်။

ထရမ့်သည် ဇီလန်စကီနှင့် ဝါရှင်တန်မြို့ရှိ အိမ်ဖြူတော်၌ ဖေဖော်ဝါရီလ ၂၈ ရက်တွင် တွေ့ဆုံစဉ် ယူကရိန်းအနေဖြင့် ရုရှားနှင့်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ချမှတ်နိုင်ရန် ကြိုးပမ်းသင့်သည်ဟု ထရမ့်က တိုက်တွန်းခဲ့ပြီးနောက် ခေါင်းဆောင်နှစ်ဦးအကြား ငြင်းခုံမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ **Ref: RT**

# အင်အားပြသသည့်အနေဖြင့် အမေရိကန်လေယာဉ်တင်သင်္ဘော USS Carl Vinson တောင်ကိုရီးယားသို့ရောက်ရှိ



**ဆိုး၊ စစ်ရေး**

အမေရိကန်ရေတပ်မှ လေယာဉ်တင်သင်္ဘောတစ်စင်းဖြစ်သည့် USS Carl Vinson သည် အင်အားပြသသည့်အနေဖြင့် တောင်ကိုရီးယားနိုင်ငံတောင်ပိုင်းရှိဘူဆန်ဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့ကြောင်း တောင်ကိုရီးယားရေတပ်က ထုတ်ပြန်သည်။

အမေရိကန် ပြည်ထောင်စုက တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးအပေါ်ထားရှိသည့် ၎င်းတို့၏ကတိကဝတ်နှင့် နှစ်နိုင်ငံကြားရှိ စစ်ရေးမဟာမိတ်ဖြစ်မှုတို့ကို ပြသရန်အတွက် လေယာဉ်တင်သင်္ဘော USS Carl Vinson သည် အဆိုပါဆိပ်ကမ်းသို့ မတ်လ ၂ ရက်တွင် ရောက်ရှိလာခြင်းဖြစ်သည်။ ၎င်းလေယာဉ်တင်သင်္ဘောနှင့်အတူ အမေရိကန်ရေတပ်မှ ပဲ့ထိန်းဒုံးတပ် ခရုဆာစစ်သင်္ဘောများဖြစ်သည့် USS Princeton နှင့် USS Sterett တို့လည်းလိုက်ပါလာကြောင်းသိရသည်။

အမေရိကန်ရေတပ်မှ USS Carl Vinson လေယာဉ်တင်သင်္ဘောသည် မြောက်ကိုရီးယားနိုင်ငံက ၎င်းတို့၏ခရုဒုံးကျည်များကို စမ်းသပ်ပစ်ခတ်ပြီးရက်ပိုင်းအကြာတွင် ရောက်ရှိလာခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသို့ လာရောက်သည့်အမေရိကန်လေယာဉ်တင်သင်္ဘော၏ ခရီးစဉ်သည် ပြီးခဲ့သည့်နှစ် ဇွန်လအတွင်းက အမေရိကန်ရေတပ်မှ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော Theo-dore Roosevelt လာရောက်ပြီးချိန်မှစ၍ ပထမဆုံးအကြိမ် လာရောက်မှုဖြစ်ကြောင်းသိရသည်။ **Ref: ST,Nbc**

# လန်ဒန်ထိပ်သီးဆွေးနွေးပွဲ၌ချမှတ်ခဲ့သည့် အီးယူခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်က မှန်ကန်မှုမရှိသည့်အပြင် အန္တရာယ်ရှိဟု အော်ဘန်ဆို

**ဘူဒါပက်၊ နိုင်ငံရေး**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင်ကျင်းပသည့် ယူကရိန်းနိုင်ငံဆိုင်ရာထိပ်သီးဆွေးနွေးပွဲ၌ချမှတ်ခဲ့သည့် အီးယူခေါင်းဆောင်များ၏ဆုံးဖြတ်ချက်သည် မှန်ကန်မှုမရှိသည့်အပြင် အန္တရာယ်ကြီးမားသည်ဟု ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန်က မတ်လ ၃ ရက်တွင် ပြောသည်။

အီးယူနိုင်ငံများမှခေါင်းဆောင်များသည် ငြိမ်းချမ်းရေးကို မျက်ကွယ်ပြုပြီး တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်ရန် ဆုံးဖြတ်ခြင်းသည် ယူကရိန်းအားလက်နက်ကိုင်ပဋိပက္ခအတွင်းသို့ ဆက်လက်တွန်းပို့နေခြင်းဖြစ်သောကြောင့် မှားယွင်းကြောင်း၊ ဟန်ဂေရီနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးဘက်တွင်သာ ရပ်တည်လျက်ရှိကြောင်း အော်ဘန်ကဆက်ပြောသည်။

ယူကရိန်းနိုင်ငံသို့ စစ်ရေးအကူအညီများ ဆက်လက်ပေးအပ်ရေးနှင့်စပ်လျဉ်း၍ လန်ဒန်မြို့၌ မတ်လ ၂ ရက်ကကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် အီးယူအဖွဲ့မှ တာဝန်ရှိသူများက အော်ဘန်အားဖိတ်ကြားခဲ့သော်လည်း ဟန်ဂေရီနိုင်ငံက ယင်းဆွေးနွေးပွဲသို့တက်ရောက်ရန် ငြင်းဆိုခဲ့ကြောင်းသိရသည်။



ဟန်ဂေရီအစိုးရသည် ရုရှားနှင့်အမေရိကန်ပြည်ထောင်စုတို့ကြား စေ့စပ်ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းကို ထောက်ခံလျက်ရှိပြီး အဆိုပါအင်အားကြီးနှစ်နိုင်ငံကြားကျင်းပသည့် စေ့စပ်ဆွေးနွေးမှုများသည် နောက်ပိုင်းတွင် ယူကရိန်းပဋိပက္ခအား ငြိမ်းချမ်းစွာဖြေရှင်းနိုင်စေရန် အထောက်အကူပြုနိုင်သည်ဟု ယုံကြည်လျက်ရှိသည်။

လန်ဒန်မြို့၌ကျင်းပခဲ့သည့် ထိပ်သီးဆွေးနွေးပွဲသို့ ဂျာမနီ၊ ဒိန်းမတ်၊ စပိန်၊ နယ်သာလန်၊ အီတလီ၊ နော်ဝေ၊ ပိုလန်၊ ပြင်သစ်၊ ချက်သမ္မတနိုင်ငံအပါအဝင် အီးယူနိုင်ငံများနှင့် ကနေဒါနိုင်ငံမှ ခေါင်းဆောင်များတက်ရောက်ခဲ့ကြပြီး ဥရောပနိုင်ငံများအနေဖြင့် ယူကရိန်းနိုင်ငံသို့ ပဋိပက္ခပြီးဆုံးသည့်အချိန်အထိ စစ်လက်နက်များထောက်ပံ့နိုင်ရေးအတွက် အစီအစဉ်များချမှတ်ရန် ရည်ရွယ်ထားသည်ဟု ဗြိတိန်ဝန်ကြီးချုပ် ကီယာစတားမားက ပြောကြားခဲ့ကြောင်းသိရသည်။ **Ref: Tass, Ivt**

# အပူချိန်မြင့်တက်လာမှုကြောင့် မနီလာမြို့ရှိ စာသင်ကျောင်းထက်ဝက်နီးပါးခန့်ကို ပိတ်ပစ်

**မနီလာ၊ ရာသီဥတုပြောင်းလဲမှု**

ဖိလစ်ပိုင်နိုင်ငံတွင် အပူချိန်မြင့်တက်လာမှုကြောင့် မနီလာမြို့တော်ရှိ စာသင်ကျောင်းထက်ဝက်နီးပါးခန့်ကို မတ်လ ၃ ရက်တွင် ပိတ်ပစ်လိုက်ရကြောင်းသိရသည်။

နိုင်ငံအတွင်းအပူချိန်မြင့်တက်မှုနှင့် စပ်လျဉ်း၍ မိုးလေဝသဌာနကသတိပေးထားပြီး မနီလာမြို့တော်နှင့် အနီးတစ်ဝိုက်ရှိ မြို့ကြီးနှစ်မြို့တွင် အပူချိန်သည် အန္တရာယ်ရှိသည့်ပမာဏအထိ မြင့်တက်လာနိုင်ကြောင်း ထုတ်ပြန်ထားသည်။

ထို့ကြောင့် အပူချိန်မြင့်တက်မှုဖြစ်ပွားနိုင်သည့်ဒေသများရှိ ပြည်သူများအား နေရောင်ခြည်နှင့် အချိန်ကြာမြင့်စွာထိတွေ့ခြင်းမှ ရှောင်ရှားကြရန်လည်း မိုးလေဝသဌာနက သတိပေးထားကြောင်းသိရသည်။

မနီလာမြို့တော်ရှိအပူချိန်သည် မတ်လ ၃ ရက်တွင် ၃၃ ဒီဂရီသာရှိသေးသော်လည်း ယင်းမြို့ရှိအာဏာပိုင်အဖွဲ့နှင့် အခြားမြို့ကြီးခြောက်မြို့မှအာဏာပိုင်အဖွဲ့များက ကြိုတင်ကာကွယ်သည့်အနေဖြင့် စာသင်ကျောင်းများကို ပိတ်ပစ်ခဲ့ခြင်းဖြစ်သည်။

ပညာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ မနီလာမြို့တော်ဒေသတွင်ကျောင်းသား၊ ကျောင်းသူ ဦးရေ ၂ ဒသမ ၈ သန်းကျော်ရှိကြောင်းသိရသည်။ **Ref: ST**

# မော်စကိုမြို့ရှိ အဆောက်အအုံများကို အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်းခဲ့သူတစ်ဦးအား ပြည်ထောင်စုလုံခြုံရေးအဖွဲ့က ချေမှုန်းနိုင်ခဲ့

**မော်စကို၊ အကြမ်းဖက်မှု**

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ဂျူးဘာသာရေးအဆောက်အအုံနှင့် အခြားအဆောက်အအုံများကို အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်းခဲ့သူတစ်ဦးအား ပြည်ထောင်စုလုံခြုံရေးအဖွဲ့က ချေမှုန်းနိုင်ခဲ့ကြောင်း ဒေသတွင်းမီဒီယာတစ်ခုက မတ်လ ၃ ရက်တွင် ဖော်ပြသည်။ ချေမှုန်းခံရသည့် အကြမ်းဖက်သမားသည် ရုရှားနိုင်ငံသားတစ်ဦးဖြစ်ပြီး ၎င်းသည် အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်ရန်အတွက် ထောက်လှမ်းမှုလုပ်ဆောင်ခဲ့ပြီး ဖောက်ခွဲရေးပစ္စည်းများလုပ်ဆောင်ရန်အတွက် လိုအပ်သည့် ပစ္စည်းများကိုဝယ်ယူခဲ့ကြောင်း ပြည်ထောင်စုလုံခြုံရေးအဖွဲ့ကထုတ်ပြန်သည့် ကြေညာချက်တွင်ဖော်ပြသည်။

ရုရှားပြည်ထောင်စုလုံခြုံရေးအဖွဲ့သည် အဆိုပါအကြမ်းဖက်တိုက်ခိုက်ရန်ကြိုးပမ်းခဲ့သူအား ဖမ်းဆီးရန်ကြိုးပမ်းခဲ့သော်လည်း ပြန်လည်ခုခံပစ်ခတ်ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းအားပစ်ခတ်ချေမှုန်းခဲ့ရခြင်းဖြစ်သည်။ ၎င်းအကြမ်းဖက်သမားသည် ရုရှားနိုင်ငံတွင် အကြမ်းဖက်မှုများ လုပ်ဆောင်ပြီးနောက် အာဖဂန်နစ္စတန်သို့ သွားရောက်၍ နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်းနှင့် ပူးပေါင်းရန်စီစဉ်ခဲ့ကြောင်း သိရသည်။ **Ref: Xinhua**

# ပန်းတောင်းမြို့နယ်၊ ဘူးဘက်ကျေးရွာစစ်ဆေးရေးဂိတ်၌ ရခိုင်ပြည်နယ်သို့ပို့ဆောင်မည့်မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ပန်းတောင်းမြို့နယ်၊ ဘူးဘက်ကျေးရွာရှိ စစ်ဆေးရေးဂိတ်၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံ ၆ ဦး၏ မှတ်တမ်းဓာတ်ပုံ။



တရားခံ ၆ ဦးနှင့်အတူ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၂ သိန်း၊ ကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၅၃ ဘီလီယံခန့်။



ခင်မောင်မြင့်ရွှေ၊ ၅၂ နှစ်



ကြည်ကြည်ခိုင်၊ ၃၈ နှစ် (ခင်မောင်မြင့်ရွှေ၏ဇနီး)



သန်းအောင်ဆွေ၊ ၄၆ နှစ်



ကျော်ဝင်းထွန်း၊ ၃၆ နှစ်



ကျော်ဇင်လတ်၊ ၃၁ နှစ်



ကျော်ဆန်းမင်း၊ ၄၉ နှစ်









ဖမ်းဆီး ရမိသည့် မော်တော်ယာဉ်များ။

ပြည်မြို့၊ ရွာဘဲရပ်ကွက်ရှိ ကုန်းမြင့်သာတည်းခိုခန်း၌ တည်းခိုနေထိုင်သူ မူးယစ်ဆေးဝါး ဆက်စပ်တရားခံ ၂ ဦး ထပ်မံဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



သောင်းထွန်း၊ ၃၆ နှစ်



ကျော်ဝင်း၊ ၃၆ နှစ်

နေပြည်တော် မတ် ၃

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင်လူသားမျိုးနွယ်စုတစ်ခုလုံးအား အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာတားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေခြင်းကြောင့် မူးယစ်ဂိုဏ်းများအနေဖြင့် မူးယစ်ဆေးဝါးများသယ်ဆောင်ရာတွင် ကုန်းလမ်းကြောင်း၊ ရေလမ်းကြောင်းများကိုအသုံးပြု၍ နည်းလမ်းမျိုးစုံဖြင့် သို၀ှက်သယ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ရန်ကုန်မြို့မှ ရခိုင်ပြည်နယ်သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပန်းတောင်းမြို့နယ်၊ ဘူးဘက်ကျေးရွာစစ်ဆေးရေးဂိတ်၌ ပိတ်ဆို့စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ **သန်းအောင်ဆွေ၊ ကျော်ဝင်းထွန်း**၊ **ကျော်ဆန်းမင်း** တို့နှင့်အတူ ယာဉ်အမှတ်၊ BGO–11/2R–2073 SOJEN အဖြူရောင်ယာဉ်ပေါ်မှ စက္ကူပုံး ၆ ပုံးအတွင်း သို၀ှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၂ သိန်း၊ ကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၅၃ ဘီလီယံခန့်အားလည်းကောင်း၊ **ကျော်ဇင်လတ်၊ ခင်မောင်မြင့်ရွှေ၊ ကြည်ကြည်ခိုင်** တို့နှင့်အတူ ယာဉ်အမှတ်၊ YGN–41/HH–2534 Probox အဖြူရောင်ယာဉ်အားလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ ပြည်မြို့ရှိ ကုန်းမြင့်သာတည်းခိုခန်း၌ **ကျော်ဝင်း**နှင့် **သောင်းထွန်း**တို့အား ယာဉ်အမှတ်၊ BGO–11/ 2P–6694 Daihatsu Hijet အစိမ်းရောင်ယာဉ်နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ကျော်ဝင်း**၏ထွက်ဆိုချက်အရ **ကျော်လင်း(ဖမ်းဆီးရန်ကျန်)** နှင့် **စိုင်းကျော်လှ(ဖမ်းဆီးရန်ကျန်)**တို့မှ ရန်ကုန်မြို့သို့ပို့ဆောင်ပေးသော မူးယစ်ဆေးဝါးများအား ရခိုင်ပြည်နယ်သို့ပို့ဆောင်ပေးရန် ငွေကျပ်သိန်း ၈၅၀ ဖြင့် ညှိနှိုင်းသဖြင့် သဘောတူခဲ့ကြောင်း၊ ၎င်းနောက် ရန်ကုန်မြို့သို့ရောက်ရှိလာသော မူးယစ်ဆေးဝါးများအား မအီမြို့နယ်၊ တလိုင်းတောင်ကျေးရွာသို့ ဆက်လက်ပို့ဆောင်ရန် **ခင်မောင်မြင့်ရွှေ**အား ငွေကျပ်သိန်း ၃၅၀ ဖြင့် ညှိနှိုင်းခဲ့ရာ သဘောတူခဲ့ကြောင်းသိရှိရသည်။ ဖမ်းဆီးရမိတရားခံ **ခင်မောင်မြင့်ရွှေ**၏ထွက်ဆိုချက်အရ **ကျော်ဝင်း**၏စေခိုင်းချက်ဖြင့် မူးယစ်ဆေးဝါးများပို့ဆောင်ရာတွင် ဇနီးဖြစ်သူ **ကြည်ကြည်ခိုင်**နှင့်အတူ စီးနင်းရန် **ကျော်ဇင်လတ်**၏ Probox အဖြူရောင်ယာဉ်အား ငှားရမ်းခဲ့ကြောင်း၊ ၎င်းနောက်မူးယစ်ဆေးဝါးများသယ်ဆောင်ရန် **ကျော်ဆန်းမင်း**ပိုင်ဆိုင်သည့် SOJEN ယာဉ်အားငှားရမ်း၍ အဆိုပါယာဉ်ဖြင့် **ကျော်ဆန်းမင်း**ယာဉ်မောင်း**သန်းအောင်ဆွေ** နှင့် ယာဉ်နောက်လိုက် **ကျော်ဝင်းထွန်း**တို့အားလိုက်ပါရန် ချိတ်ဆက်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်၍ တရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရားခံပြေး **ကျော်လင်း** နှင့် **စိုင်းကျော်လှ** တို့အပါအဝင် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့်ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်သည်။

(၁၀၀)

# ကွင်းလယ်ကစားသမားဒီဘရိုင်း လုပ်ခလစာလျှော့ယူပြီး မန်စီးတီးအသင်းနှင့်သက်တမ်းတိုးစာချုပ်ချုပ်ဆိုဖွယ်ရှိ

**မန်ချက်စတာ မတ် ၃**

မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဒီဘရိုင်းက လုပ်ခလစာလျှော့ယူပြီး အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုဖွယ်ရှိကြောင်း သိရသည်။

အသက် ၃၄ နှစ်အရွယ် ဒီဘရိုင်းသည် ၂၀၁၅ ခုနှစ်က ဝုဖ်ဘတ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် မန်စီးတီးအသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး မန်စီးတီးအသင်း ဥရောပထိပ်တန်းအသင်းကြီးအဖြစ်ရပ်တည်နိုင်ခဲ့ကာ ပရီးမီးယားလိဂ်၊ ချန်ပီယံလိဂ်အပါအဝင် ဆုဖလားများစွာဆွတ်ခူးရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့သူဖြစ်သည်။

ဒီဘရိုင်းနှင့် မန်စီးတီးအသင်းတို့ စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး မန်စီးတီးအသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကစားသမားစာရင်းကို ပြန်လည်ဖွဲ့စည်းလိုသော ကြောင့် အသင်းမှ ဝါရင့်ကစားသမားတချို့ကို အသင်းမှထွက်ခွာခွင့်ပြုထားသည့်အတွက်ဒီဘရိုင်းကိုလည်း အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်သွားဖွယ်ရှိသည်။

သို့သော် နောက်ပိုင်းတွင် ဒီဘရိုင်းကိုယ်တိုင်က ဘယ်လ်ဂျီယံအသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်ကစားလိုသောကြောင့် မန်စီးတီးအသင်း၌ နောက်ထပ်တစ်နှစ်ဆက်လက်ကစားလိုနေပြီး မန်စီးတီးအသင်းကလည်း ဒီဘရိုင်းဆန္ဒကိုဖြည့်ဆည်းပေးလိုသောကြောင့် အသင်းတွင်နောက်ထပ် တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် နီးစပ်နေခြင်းဖြစ်သည်။

ဒီဘရိုင်းကိုယ်တိုင်ကလည်း မန်စီးတီအသင်းတွင် နောက်ထပ်တစ်နှစ်ထပ်မံကစားလိုနေသည့်အတွက် လက်ရှိရရှိနေသည့်တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၃၇၅၀၀၀ မှ စတာလင်ပေါင် ၁၅၀၀၀၀ အထိ လျှော့ယူသွားဖွယ်ရှိနေကြောင်း သိရသည်။

*Ref;Fotmob*

# ရီးယဲလ်မက်ဒရစ်အသင်းက လူငယ်ဗဟိုခံစစ်ကစားသမား ရာအူးအဆန်စီယိုကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်

**မက်ဒရစ် မတ် ၃**

ရီးယဲလ်မက်ဒရစ်အသင်းက ယခုနှစ်အကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည့် လူငယ်ဗဟိုခံစစ်ကစားသမား ရာအူးအဆန်စီယိုကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ရာအူးအဆန်စီယိုသည် ရီးယဲလ်မက်ဒရစ်အသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး အသင်းနှင့်အတူ ယခုဘောလုံးရာသီမှသာ စတင်ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည်။


ယခုဘောလုံးရာသီ ရီးယဲလ်မက်ဒရစ်အသင်း ဗဟိုခံစစ်နေရာတွင် ဝါရင့်ကစားသမားများဖြစ်သည့် အလာဘာ၊ မီလီတာအိုနှင့် ရူဒီဂါတို့ ဒဏ်ရာရရှိနေချိန်တွင် ရာအူးအဆန်စီယိုအနေဖြင့် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိပြီး ပွဲစဉ်တိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပြီးခဲ့သည့်မန်စီးတီးအသင်းနှင့်ကစားသည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နှစ်ကျော့စလုံးအကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် အရေးပါသည့်ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိနေခြင်းဖြစ်သည်။

လက်ရှိ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ရာအူးအဆန်စီယိုတို့စာချုပ်သက်တမ်းမှာ ယခုနှစ်အကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းက မကြာမီသက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်ဖြစ်ပြီး ရာအူးအဆန်စီယိုကိုယ်တိုင်ကလည်း အသင်းတွင်သာ ဆက်လက်ကစားလိုသောကြောင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိပြီး မကြာမီ အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*



# မန်ယူအသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် လူငယ်ကစားသမားဂါနာချိုကို ဘာစီလိုနာအသင်းက ခေါ်ယူရန်စောင့်ကြည့်နေ




**မန်ချက်စတာ မတ် ၃**

ဘာစီလိုနာအသင်းက မန်ယူအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ဂါနာချိုကို လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်စောင့်ကြည့်နေကြောင်း သိရသည်။

အသက် ၂၀ နှစ်အရွယ် ဂါနာချိုသည် အက်သလက်တီကိုအသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်သော်လည်း ၂၀၂၀ ပြည့်နှစ်က မန်ယူလူငယ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အကောင်းဆုံးခြေစွမ်းပြနိုင်သည့်အတွက် ၂၀၂၂ ခုနှစ်တွင် မန်ယူအသင်းတွင် စတင်ပါဝင်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဂါနာချိုသည် ပြီးခဲ့သည့် ဘောလုံးရာသီနှစ်ခုတွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ခြေစွမ်းကျဆင်းနေပြီး ရုန်းကန်နေရသည့်အတွက် အနာဂတ်မရေမရာဖြစ်နေခြင်းဖြစ်သည်။

ဂါနာချိုသည် ယခုဘောလုံးရာသီအစပိုင်းကတည်းက ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရပြီး အပိုင်ဂိုးသွင်းခွင့်အခွင့်အရေးများ လွဲချော်မှုများကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရပြီး နည်းပြအမိုရင်လက်အောက်တွင် နောက်ပိုင်းပွဲစဉ်များ၌ ပွဲထွက်ကစားသမားအဖြစ်မှပင် ဖယ်ရှားခံခဲ့ရသည်။

မန်ယူအသင်းအနေဖြင့် ဂါနာချိုကို ပြီးခဲ့သည့် ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလကတည်းက ရောင်းချရန်ကြိုးပမ်းခဲ့ပြီး နာပိုလီအသင်း၊ ချယ်လ်ဆီးအသင်းတို့နှင့်သတင်းများထွက်ပေါ်ခဲ့ကာ နာပိုလီအသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်ခဲ့သော်လည်း ဂါနာချိုက မြင့်မားသည့်လုပ်ခလစာအလိုရှိသောကြောင့် နာပိုလီအသင်းက ကမ်းလှမ်းမှုကို ပြန်လည်ရုပ်သိမ်းခဲ့သည့်အတွက် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ကစားသမားအများစုကို ရောင်းချသွားရန် စီစဉ်ထားပြီး ဂါနာချိုကိုလည်း ရောင်းချမည့်ကစားသမားစာရင်းတွင် ထည့်သွင်းထားသည့်အတွက် ဘာစီလိုနာအသင်းက ဂါနာချို၏အခြေအနေကို စောင့်ကြည့်နေပြီး ကမ်းလှမ်းမှုလုပ်ဆောင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

*Ref;The Athletic*

# ဖလိုရီယန်ဝက်ဇ်ကို ခေါ်ယူရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းအတည်ပြု

**ဘာလင် မတ် ၃**

ဘိုင်ယန်မြူးနစ်အသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် လေဗာကူဆင်အသင်းကွင်းလယ်ကစားသမား ဖလိုရီယန်ဝက်ဇ်ကို ခေါ်ယူရန် ကြိုးပမ်းမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

အသက် ၂၁ နှစ်အရွယ် ဖလိုရီယန်ဝက်ဇ်သည် ၂၀၂၀ ပြည့်နှစ်မှစတင်ပြီး လေဗာကူဆင်အသင်း၌ စတင်ပါဝင်ကစားခဲ့ကာ နောက်ပိုင်းဘောလုံးရာသီများတွင် အသင်းနှင့်အတူ ထိပ်တန်းအဆင့်ရှိခြေစွမ်းပြလျက်ရှိပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း လေဗာကူဆင်အသင်း ရှုံးပွဲမရှိဘဲ ဂျာမန်ဘွန်ဒက်စ်လီဂါဖလားဆွတ်ခူးရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့သူဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ပြည်တွင်းပြိုင်ဘက်အသင်းများတွင် ခြေစွမ်းပြလျက်ရှိသည့်ကစားသမားများကို ခေါ်ယူပြီး အသင်းကစားသမားအင်အား ပိုမိုတောင့်တင်းအောင်လုပ်ဆောင်လေ့ရှိသည့် အသင်းဖြစ်သည်နှင့်အညီ ယခုအခါတွင်လည်း ပြည်တွင်းပြိုင်ဘက်အသင်းဖြစ်သည့် လေဗာကူဆင်အသင်း၏ အဓိက ကစားသမားတစ်ဦးဖြစ်သည့် ဖလိုရီယန်ဝက်ဇ်ကိုခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Bild*

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာစုစုမြတ်၊ ပါမောက္ခ(ဌာနမှူး)
အသုံးချဘောဂဗေဒဌာန
ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့်ပတ်သက်သော အထောက်အကူပြု ဆွေးနွေးချက်များကို အပိုင်း(၂)ပိုင်းခွဲ၍ ရှင်းလင်းဖော်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို ဖော်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် မေးခွန်းကို ဖြေဆိုပုံဖြေဆိုနည်းများနှင့် သတိပြုရမည့် အချက်များကို ရှင်းလင်းပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင် မေးခွန်း(၅)ပုဒ်ပါရှိပါသည်။ မေးခွန်း(၅)ပုဒ်စလုံးကို ဖြေဆိုကြရမည် ဖြစ်သည်။

မေးခွန်းနံပါတ် (၁)တွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ (၃) ပိုင်းခွဲထားပါသည်။ ပြဋ္ဌာန်းစာအုပ်တွင် ပါဝင်သည့်အခန်းအားလုံးမှ သဘောတရားများ နားလည်သဘောပေါက်မှုကို ဆန်းစစ်သောမေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကို ကောင်းစွာနားလည်မှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၁)အတွက် စုစုပေါင်းပေးမှတ်မှာ (၃၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(က)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီကို မှား သို့မဟုတ် မှန် ဖြေဆိုရန်ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၁။(ခ)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ အဖြေ (၃)မျိုးပေးထားသည့်အနက် အဖြေမှန်တစ်ခုကိုသာ ရွေးချယ်ရန်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(ဂ)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် စာကြောင်းအပြည့်အစုံမဖော်ပြဘဲ ကွက်လပ်ပေးထားသည်။ ကွက်လပ်တွင်ဖြည့်စွက်ရန် လိုအပ်သောစာသားကို ရေးသားဖြေဆိုရမည်ဖြစ်သည်။ ဖြေဆိုရာတွင်နံပါတ်တပ်၍ အဖြေကို တိကျစွာဖြေဆိုရန်ဖြစ်သည်။

မေးခွန်းနံပါတ် (၂)တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များအနက် အဓိပ္ပာယ်ဖွင့်ဆိုချက်(၅)ခုမေးထားပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် (၁)ခုလျှင် ပေးမှတ် (၂) မှတ်ဖြစ်သဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက်(၅) ခုအတွက် ပေးမှတ်မှာ (၁၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ် (၃)တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ်ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၃) အတွက် ပေးမှတ်မှာ(၂၀)မှတ်ဖြစ်သည်။ မေးခွန်းနံပါတ် (၄)တွင် (၂၀)မှတ်တန် မှတ်စုရှည်(၁)ပုဒ်ပေးထားပြီး (ရွေးချယ်ရန်အပုဒ်အပိုမပေးထား) မှတ်စုရှည်(၁)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၅)သည် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုများ ပြုလုပ်ရသည့်မေးခွန်းဖြစ်သည်။ ပေးထားသော ကိန်းဂဏန်းများနှင့် အချက်အလက်များကိုအသုံးပြု၍ တွက်ချက်ခြင်း၊ မျဉ်းကွေးများ ရေးဆွဲခြင်း၊ သုံးသပ်ခြင်းများ ပြုလုပ်ဖြေဆိုရသည့်အတွက် သီအိုရီ သဘောတရားများအပေါ် နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သော မေးခွန်းများဖြစ်သည်။ မေးခွန်းနံပါတ်(၅)မေးခွန်းခွဲ (က)၊ (ခ) နှင့် (ဂ)မှ နှစ်သက်ရာ(၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းနံပါတ်(၅) အတွက် ပေးမှတ်မှာ (၂၀)မှတ်ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် မေးခွန်းအမျိုးအစား (၅)မျိုးပါဝင်သည့် မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား(၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မှတ်စုရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုများပြုလုပ်ရသည့် မေးခွန်းတို့ဖြစ်သည်။

မေးခွန်းလွှာအမှတ်ခွဲဝေမှုပုံစံ

| စဉ် | မေးခွန်းနံပါတ် | မေးခွန်းအမျိုးအစား | | ပေးမှတ် | |
|---|---|---|---|---|---|
| ၁ | ၁။ | ဓမ္မဓိဋ္ဌာန်<br>(က) မှား/မှန်<br>(ခ) အဖြေမှန်ရွေးချယ်<br>(ဂ) ကွက်လပ်ဖြည့် | <br>(၁၀ )ခု<br>(၁၀) ခု<br>(၁၀) ခု | အားလုံးဖြေ<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု) | (၃၀) မှတ် |
| ၂ | ၂။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | (၅) ခု | (၅) ခု<br>(၂ မှတ် x ၅ ခု) | (၁၀) မှတ် |
| ၃ | ၃။ | မှတ်စုတို | (၄) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| ၄ | ၄။ | မှတ်စုရှည် | (၁) ပုဒ် | (၁) ပုဒ်ဖြေ<br>(၂၀ မှတ် x ၁ ပုဒ်) | (၂၀ ) မှတ် |
| ၅ | ၅။ | တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု | (၃) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀ ) မှတ် |

**ဖြေဆိုပုံဖြေဆိုနည်း**

မေးထားသော မေးခွန်း(၅)ပုဒ်ကိုဖြေဆိုရာတွင် တိကျမှန်ကန်စေရန်နှင့် အမှတ်ကောင်းရရှိစေရန် ဖြေဆိုပုံဖြေဆိုနည်းကို မေးခွန်း (၁)ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

**မေးခွန်း(၁-က)** ။ ။ ဤမေးခွန်းသည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူကပေးထားသော ဖော်ပြချက်အတွက် မှားသည်(သို့) မှန်သည်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းစာကြောင်းပြန်ရေးရန် မလိုအပ်ပါ။ ရွေးချယ်ထားသောအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ – "အပြည့်ပြိုင်ဆိုင်မှုရှိသောဈေးကွက်တွင် လုပ်ငန်းသည်အရှုံးနှင့်ရင်ဆိုင်နေရသော်လည်း စရိတ်ရှင်အတွက် ကာမိနေပါက လုပ်ငန်းကို ဆက်လက်လည်ပတ်မည်။" ဟူသောဖော်ပြချက်အတွက် အဖြေမှာ "မှန်" ဖြစ်သည့်အတွက် "မှန်" ဟုသာဖြေဆိုရန်ဖြစ်သည်။ အဖြေလွှာစစ်ဆေးသူ (စာစစ်သူ) ဖတ်၍မရသော၊ မှား/မှန် မကွဲပြားသောအဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ်ဖြစ်သည်။

**မေးခွန်း(၁-ခ)** ။ ။ ဤမေးခွန်းတွင် ပေးထားသောဖော်ပြချက်များအတွက် အဖြေကို (က)၊ (ခ) နှင့် (ဂ) ဟု (၃)မျိုးပေးထားပြီး ယင်းအဖြေများထဲမှ အဖြေမှန်တစ်ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ဥပမာ "ကာလရှည် စုစုပေါင်းရောင်းလိုအား မျဉ်းကွေးသည်(က)အလျားလိုက်ဝင်ရိုးနှင့်အပြိုင်ဖြစ်သည် (ခ) ဒေါင်လိုက်မျဉ်းဖြောင့်ဖြစ်သည် (ဂ) အပေါင်းလက္ခဏာလျှောစောက်ရှိသည်။" ဟူသောဖော်ပြချက်တွင် အဖြေမှာ (ခ) ဒေါင်လိုက်မျဉ်းဖြောင့်ဖြစ်သည်။ ထို့ကြောင့် မေးခွန်း (၁-ခ)၊ မေးခွန်းနံပါတ်သေး(၁) အတွက် အဖြေကို (၁) (ခ) ဟု ဖြေဆိုရန်ဖြစ်သည်။ ဖော်ပြချက်(၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းပေးမှတ် (၁၀)မှတ်ဖြစ်သည်။

**မေးခွန်း(၁-ဂ)** ။ ။ ဤမေးခွန်းသည်လည်း ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသောစာကြောင်းတွင် လိုအပ်သည့် ကွက်လပ်အတွက် အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ မေးခွန်းစာကြောင်းကို ပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့်အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ တိကျသောအဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန်လိုအပ်သည်။ ဥပမာ– ပျမ်းမျှထုတ်ကုန် တိုးတက်စဉ် အစွန်းထွက်ထုတ်ကုန်သည် ပျမ်းမျှထုတ်ကုန်ထက် ----------- နေသည်ဟူသော မေးခွန်းအတွက်အဖြေမှာ "ပိုမြင့်မား" ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းဖော်ပြချက် (၁)ခုလျှင် (၁)မှတ်ဖြင့် (၁၀)ခုအတွက် စုစုပေါင်းပေးမှတ်(၁၀)မှတ်ဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိတိကျကျပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် တိကျမှန်ကန်ပြည့်စုံပါက အဓိပ္ပာယ်ဖွင့်ဆိုချက်(၁)ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁)မှတ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်မှားယွင်းပါက (၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန် ဖြစ်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုလျှင် (၂)မှတ်နှင့် (၅)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ်ဖြစ်သည်။ မေးခွန်းနံပါတ် (၁)နှင့် မေးခွန်းနံပါတ်(၂)ကို တိကျမှန်ကန်စွာ ဖြေဆိုနိုင်ခြင်းဖြင့် အမှတ်(၄၀)အပြည့်ရရှိနိုင်ပါသည်။

**မေးခွန်းနံပါတ်(၃)**တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၄)တွင် အမှတ်(၂၀)မှတ်တန် မှတ်စုရှည်(၁)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မှတ်စုတိုနှင့် မှတ်စုရှည်မေးခွန်းများကို ဖြေဆိုနိုင်ရန်မှာ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နှံ့စပ်စွာဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။ အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက အဖြေလွှာစစ်ဆေးသူ ရှင်းလင်းစွာစစ်ဆေးနိုင်ရန် မေးထားသည့်အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို ရှင်းလင်းဖြေဆိုသင့်ပါသည်။

**မေးခွန်းနံပါတ် (၅)**တွင် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)၊ (ခ) နှင့် (ဂ) ဟူ၍ မေးခွန်း(၃)ခုမေးထားပြီး နှစ်သက်ရာ(၂)ခုကို ဖြေဆိုရပါမည်။ တိကျမှန်ကန်စွာ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် သုံးသပ်ချက်များ မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းနံပါတ်(၅)နှင့်ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းလိုပါသည်။

သင်ခန်းစာ(၈)ခန်းရှိသည့်အနက် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှု ပြုလုပ်ရသည့် မေးခွန်းများကိုမေးနိုင်သည့်အခန်းမှာ (၄)ခန်းရှိသည်။ ယင်းအခန်းများမှာ သင်ခန်းစာ အခန်း(၁)၊ အခန်း(၂)၊ အခန်း(၃)နှင့် အခန်း(၇) တို့ဖြစ်ကြသည်။

(က) **အခန်း(၁)** "ဝယ်လိုအားအလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်း" တွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း၊ အခြားဝယ်လိုအားအလျော့အတင်းများနှင့် ရောင်းလိုအားအလျော့အတင်းများကို တွက်ချက်စေသောမေးခွန်းများတွင် မေးထားသည့် အလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကိုဦးစွာဖြေဆိုရပါမည်။ ထို့နောက် တွက်ချက်မှုနှင့် သုံးသပ်မှုကိုပြုလုပ်ရပါမည်။ ဥပမာ – ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ပုစ္ဆာမေးခွန်းကို ဖြေဆိုရာတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်းအချက်အလက်များကိုအသုံးပြု၍ တွက်ချက်ရပါမည်။ ထို့နောက် တွက်ချက်ရရှိသောအဖြေကို ဝယ်လိုအား၏ဈေးနှုန်း အလျော့အတင်းသဘောတရားများအရ သုံးသပ်ဖြေဆိုရမည်။ ထို့အတူ အခြားသော အလျော့အတင်းပုစ္ဆာမေးခွန်းများကို ဖြေဆိုရာတွင်လည်း အထက်ပါအတိုင်းဖြေဆိုရမည်။

**ဤအခန်းတွင် သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော ဝယ်လိုအားအလျော့အတင်းတန်ဖိုးအရ ကုန်စည်၏ဝယ်လိုအားအလျော့အတင်းအနည်း/အများကို သုံးသပ်နိုင်သကဲ့သို့ အလျော့အတင်းတန်ဖိုးကို တွက်ချက်မှုမပြုလုပ်ဘဲ ဈေးနှုန်းပြောင်းလဲမှုနှင့် စုစုပေါင်းရောင်းရငွေ ပြောင်းလဲမှုအရလည်း ကုန်စည်၏ဝယ်လိုအား အလျော့အတင်း အနည်း/အများကို သုံးသပ်နိုင်ကြောင်း သိရှိထားရန်လိုအပ်ပါသည်။ ဥပမာ အောက်ဖော်ပြပါဇယားတွင် ဈေးနှုန်းနှင့် ဝယ်ယူသည့်အရေအတွက်များကိုဖော်ပြထားသည်။

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း ($E_d$) |
|---|---|---|---|
| ၇၀ | ၂ | ၁၄၀ | - |
| ၆၀ | ၄ | ၂၄၀ | များ |
| ၅၀ | ၆ | ၃၀၀ | များ |

**ဇယားပါအချက်အလက်များအရ ဈေးနှုန်း၊ စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအားအလျော့အတင်းတို့၏ ဆက်စပ်မှုများကို ရှင်းလင်းဖြေဆိုပါ ဟူသော မေးခွန်းမျိုး သို့မဟုတ် ဈေးနှုန်းပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသောရောင်းရငွေပြောင်းလဲမှုအပေါ်မူတည်၍ ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်းကို သုံးသပ်ဖြေဆိုပါဟူသော မေးခွန်းမျိုးတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ($E_d$ ) ကိုတွက်ချက်ဖော်ပြရန် မလိုအပ်ပါ။** ဈေးနှုန်းနှင့်အရေအတွက်ကိုမြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကိုတွက်ချက်ရရှိမည်။ အထက်ပါဇယားအရ ဈေးနှုန်း (၇၀) ကျပ်တွင် ရောင်းရငွေမှာ (၁၄၀) ကျပ် [ ဈေးနှုန်း (၇၀) ကျပ် x (၂) ယူနစ် = ရောင်းရငွေ ၁၄၀ ကျပ် ]၊ ဈေးနှုန်း (၆၀) ကျပ်တွင် ရောင်းရငွေမှာ (၂၄၀) ကျပ် [ ဈေးနှုန်း (၆၀) ကျပ် x (၄) ယူနစ် = ရောင်းရငွေ ၂၄၀ ကျပ် ]၊ ဈေးနှုန်း (၅၀)ကျပ်တွင်ရောင်းရငွေမှာ (၃၀၀) ကျပ် [ဈေးနှုန်း (၅၀) ကျပ်x (၆) ယူနစ်= ရောင်းရငွေ ၃၀၀ ကျပ် ] စသဖြင့်တွက်ချက်ရရှိသည်။ ဈေးနှုန်းသည် (၇၀) ကျပ်မှ (၆၀)ကျပ် ၊(၆၀)ကျပ်မှ (၅၀)ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသောအရေအတွက်သည်တိုးလာပြီး ရောင်းရငွေလည်း တိုးသွားသည်။ ဝယ်ယူသည့်အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားပိုများသောကြောင့် ရောင်းရငွေတိုးလာခြင်းဖြစ်သည်။ ဈေးနှုန်းနှင့် ရောင်းရငွေပြောင်းပြန်ဆက်စပ်သဖြင့် ဝယ်လိုအားအလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။

**စာမျက်နှာ ၂၆ သို့ ◆**

◆ စာမျက်နှာ ၂၅ မှအဆက်

အောက်ဖော်ပြပါဇယားတွင် ဈေးနှုန်းနှင့် ဝယ်ယူသည့်အရေအတွက်များကိုဖော်ပြထားသည်။

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း ($E_d$) |
|---|---|---|---|
| ၃၀ | ၁၀ | ၃၀၀ | - |
| ၂၀ | ၁၂ | ၂၄၀ | နည်း |
| ၁၀ | ၁၄ | ၁၄၀ | နည်း |

**ဇယားပါအချက်အလက်များအရ** ဈေးနှုန်းနှင့် အရေအတွက်ကို မြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကို တွက်ချက်ရရှိမည်။ အထက်ပါဇယားအရ ဈေးနှုန်း(၃၀)ကျပ်တွင် ရောင်းရငွေမှာ (၃၀၀) ကျပ် [ ဈေးနှုန်း (၃၀) ကျပ် x (၁၀) ယူနစ် = ရောင်းရငွေ ၃၀၀ ကျပ် ]၊ ဈေးနှုန်း (၂၀)ကျပ်တွင် ရောင်းရငွေမှာ (၂၄၀)ကျပ် [ ဈေးနှုန်း (၂၀)ကျပ် x (၁၂) ယူနစ် = ရောင်းရငွေ ၂၄၀ ကျပ် ]၊ ဈေးနှုန်း (၁၀) ကျပ်တွင် ရောင်းရငွေမှာ (၁၄၀)ကျပ် [ ဈေးနှုန်း (၁၀)ကျပ် x (၁၄) ယူနစ် = ရောင်းရငွေ ၁၄၀ ကျပ် ] စသဖြင့်တွက်ချက်ရရှိနိုင်သည်။ ဈေးနှုန်းသည် (၃၀)ကျပ်မှ (၂၀) ကျပ်၊ (၂၀)ကျပ်မှ (၁၀) ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသော အရေအတွက်သည် တိုးလာသော်လည်း ရောင်းရငွေမှာ ကျဆင်းသွားသည်။ ဝယ်ယူသည့်အရေအတွက်တိုးခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားပိုနည်းသောကြောင့် ရောင်းရငွေလျော့နည်းသွားခြင်းဖြစ်သည်။ ဈေးနှုန်းနှင့်ရောင်းရငွေ တိုက်ရိုက်ဆက်စပ်သဖြင့် ဝယ်လိုအားအလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည် ။

(ခ)**အခန်း(၂) "ထုတ်လုပ်မှုသီအိုရီ"** တွင် စုစုပေါင်းထုတ်ကုန်၊ ပျမ်းမျှထုတ်ကုန်နှင့် အစွန်းထွက်ထုတ်ကုန်ဆိုင်ရာ မေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ ထုတ်ကုန်များတွက်ချက်ပုံ၊ ထုတ်ကုန်မျဉ်းကွေးများရေးဆွဲပုံ၊ ထုတ်ကုန်မျဉ်းကွေးများ၏ဆက်စပ်ပုံနှင့် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားသတ်မှတ်ပုံများကိုသိရှိထားရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှပေးထားသော ကိန်းဂဏန်းအချက်အလက်များအရ တွက်ချက်ရရှိသောထုတ်ကုန်အရေအတွက်များကို ဇယားတွင်ဖြည့်စွက်ဖြေဆိုရပါသည်။

(ဂ)**အခန်း(၃) "စရိတ်သီအိုရီ"** တွင် စုစုပေါင်းစရိတ်၊ ပျမ်းမျှစရိတ်နှင့် အစွန်းထွက်စရိတ်ဆိုင်ရာ မေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကိုအသုံးပြု၍ စရိတ်အမျိုးမျိုးတွက်ချက်ပုံ၊ စရိတ်မျဉ်းကွေးများရေးဆွဲပုံနှင့် စရိတ်မျဉ်းကွေးများဆက်စပ်ပုံတို့ကို လေ့လာသိရှိထားရန်လိုအပ်သည်။ တွက်ချက်ရာတွင် ပုံသေစရိတ်နှင့် စရိတ်ရှင်သဘောကိုလည်း သိရှိနားလည်ရန်လိုအပ်ပါသည်။ ဥပမာ မေးခွန်းတွင် ကုန်ထွက်အသီးသီးရှိ စုစုပေါင်းစရိတ်များကိုပေးထားပါက ကုန်ထွက်သုညရှိ စုစုပေါင်းစရိတ်သည် ပုံသေစရိတ်ဖြစ်ကြောင်း၊ ပုံသေစရိတ်သည် ကုန်ထွက်အဆင့်တိုင်းအတွက် အတူတူပင်ဖြစ်ကြောင်း စုစုပေါင်းစရိတ်မှ ပုံသေစရိတ်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းစရိတ်ရှင်ကိုရရှိနိုင်ကြောင်းသိရှိရန်လိုသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှပေးထားသော ကိန်းဂဏန်းအချက်အလက်များအရ တွက်ချက်ရရှိသောစရိတ်များကို ဇယားတွင်ဖြည့်စွက်ဖြေဆိုရပါမည်။

(ဃ) **အခန်း(၇) "စီးပွားရေးတိုးတက်မှု"** တွင် အမှန် GDP တန်ဖိုးများမှ စီးပွားရေးတိုးတက်မှုနှုန်းတွက်ချက်ပုံနှင့်သုံးသပ်ပုံ၊ အချိန်ကာလတစ်ခုအတွက် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းတွက်ချက်ပုံနှင့် သုံးသပ်ပုံ၊ GDP ကျုံ့ကိန်းတွက်ချက်ပုံ၊ GDP ကျုံ့ကိန်းမှ ဈေးဆနှုန်းကိန်းတွက်ချက်ပုံ၊ GDP ဈေးဆနှုန်းကိန်းမှ ငွေဖောင်းပွမှုနှုန်းတွက်ချက်ပုံနှင့်သုံးသပ်ပုံများကိုလေ့လာထားရန်လိုအပ်သည်။ တွက်ချက်ရာတွင် အသုံးပြုသော ပုံသေနည်းများကိုဦးစွာဖော်ပြရမည်။

စီးပွားရေးတိုးတက်မှုနှုန်းကို တွက်ချက်သုံးသပ်ရာတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်နှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်မြင့်မားသည်၊ မည်သည့်နှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်နိမ့်သည် စသဖြင့်သုံးသပ်နိုင်သည်၊ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်တက်ခြင်းရှိပါက စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်တက်နေသည်၊ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက မည်သည့်နှစ်မှမည်သည့်နှစ်အထိ ဆက်တိုက်ကျနေသည် စသဖြင့်သုံးသပ်နိုင်သည်။ စီးပွားရေးတိုးတက်မှုနှုန်း အတက်အကျရှိပါက မည်သည့်နှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ကျဆင်းပြီး မည်သည့်နှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်တိုးတက်လာသည်၊ မည်သည့်နှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းသည် တိုးတက်ပြီး မည်သည့်နှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ကျဆင်းသွားသည် စသည်ဖြင့် ကာလတစ်လျှောက် တွက်ချက်ရရှိသော စီးပွားရေးတိုးတက်မှုနှုန်းများကို သုံးသပ်ဖော်ပြနိုင်သည်။ **သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော စီးပွားရေးတိုးတက်မှုနှုန်းသည် အနုတ်လက္ခဏာဖြစ်ပါက ထိုနှစ်တွင် စီးပွားရေးတိုးတက်မှုမရှိဘဲ စီးပွားရေးဆုတ်ယုတ်ကျဆင်းသည်ဟုသုံးသပ်နိုင်သည်။

ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ရာတွင် တွက်ချက်လိုသော လက်ရှိနှစ်နှင့် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်အကြား ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ခြင်းဖြစ်သည်။

ငွေဖောင်းပွမှုနှုန်းတွက်ချက်သောပုံသေနည်းမှာ

ငွေဖောင်းပွမှုနှုန်း = (လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း–လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း) / (လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း) x ၁၀၀

ဥပမာ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်၍ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ရာတွင် ၂၀၁၅ ခုနှစ်သည် တွက်ချက်လိုသောလက်ရှိနှစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်သည် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်ဖြစ်သည်။ သို့ဖြစ်၍

၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းမှာ

ငွေဖောင်းပွမှုနှုန်း = (၂၀၁၅ ၏ ဈေးဆနှုန်းကိန်း – ၂၀၁၄ ၏ ဈေးဆနှုန်းကိန်း) / (၂၀၁၄ ၏ ဈေးဆနှုန်းကိန်း) x ၁၀၀ ဖြစ်သည်။

အကယ်၍ နှစ်အလိုက် ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့်နှိုင်းယှဉ်၍ တွက်ချက်ပါဟု မေးထားပါက ပုံသေနည်းတွင် လွန်ခဲ့သောနှစ်နေရာ၌ အခြေခံနှစ်ကို ထည့်သွင်းတွက်ချက်ရမည်။

ငွေဖောင်းပွမှုနှုန်း = (လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း–အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း) / (အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း) x ၁၀၀

ဥပမာ ၂၀၁၀ ပြည့်နှစ်သည် အခြေခံနှစ်ဖြစ်သည်ဆိုပါစို့။ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့်နှိုင်းယှဉ်တွက်ချက်လိုလျှင်

ငွေဖောင်းပွမှုနှုန်း = (၂၀၁၅ ၏ ဈေးဆနှုန်းကိန်း – ၂၀၁၀ ၏ ဈေးဆနှုန်းကိန်း) / (၂၀၁၀ ၏ ဈေးဆနှုန်းကိန်း) x ၁၀၀ ဖြစ်သည်။

ငွေဖောင်းပွမှုနှုန်းကိုသုံးသပ်ပုံမှာ မည်သည့်နှစ်တွင်တက်သည်၊ မည်သည့်နှစ်တွင် ကျသည်၊ မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်တက်သည်၊ မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်ကျသည်၊ ငွေဖောင်းပွမှုနှုန်း မည်သည့်နှစ်တွင် အနိမ့်ဆုံးဖြစ်၍ မည်သည့်နှစ်တွင် အမြင့်ဆုံးဖြစ်သည် စသဖြင့်သုံးသပ်ဖော်ပြနိုင်သည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် သင်ခန်းစာများအား နှံ့စပ်စွာနားလည်တတ်မြောက်စေမှုကို ရည်ရွယ်ခြင်းဖြစ်ရာ သင်ခန်းစာများအား နှံ့စပ်စွာလေ့လာထားရန်လိုအပ်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းနှင့် တွက်ချက်သုံးသပ်မှုမေးခွန်းများကို ဖြေဆိုနိုင်ပါက အောင်မှတ်ရရှိနိုင်သော်လည်း အခန်းရွေးချယ်၍ အလွတ်ကျက်မှတ်ဖြေဆိုခြင်းဖြင့် ဂုဏ်ထူးမှတ်ရရှိရန် လွယ်ကူမည်မဟုတ်ကြောင်း သတိပြုစေလိုပါသည်။

ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူများအားလုံး ထူးချွန်စွာအောင်မြင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။ ။

# မြောင်မြို့နယ်နှင့် ရေလယ်ကျွန်းဒေသအတွင်းရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့်ဗုံးကြဲခြင်း၊ လက်နက်ကြီးဖြင့်ပစ်ခတ်ခြင်းများ လုပ်ဆောင်နေကြောင်း မဟုတ်မမှန်သတင်းများဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ် အနောက်ခြမ်းနှင့် မကွေးတိုင်းဒေသကြီး၊ ရေလယ်ကျွန်းဒေသအတွင်းရှိကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲခြင်း၊ လက်နက်ကြီးဖြင့်ပစ်ခတ်ခြင်းများ လုပ်ဆောင်နေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများမှမဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်းသိရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်ရာ ကျေးရွာများအား အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အား ထောက်ခံအားပေးခြင်းမရှိသည့် ရပ်ကွက်/ကျေးရွာများအား ၎င်းတို့အပေါ် အကြောက်တရားလွှမ်းမိုးစေရန် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် အခြေအမြစ်မရှိသည့်




ဓာတ်ပုံများကိုအသုံးပြု၍ သတင်းအမှားများဖြင့် လုပ်ကြံရေးသားဝါဒဖြန့်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

သင်မလိုသောမီးကိုပိတ်ထားခြင်းဖြင့် လိုအပ်သူများအလင်းရပါစေ။

# ပင်လောင်းမြို့၌ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်ပြီးမြောက်မှုစာမေးပွဲများ စတင်ဖြေဆို

ပင်လောင်း မတ် ၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မူလတန်းအဆင့်ပဥ္စမတန်းနှင့်အလယ်တန်းအဆင့်နဝမတန်းပြီးမြောက်မှုစာမေးပွဲများကို မတ်လ ၃ ရက်နံနက်ပိုင်းတွင် စတင်ကျင်းပရာ မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုကြောင်းသိရသည်။

ပင်လောင်းမြို့နယ်၌ စာစစ်ဌာန ၃၃ ခုထားရှိပြီး မူလတန်းအဆင့် ပဥ္စမတန်းစာမေးပွဲတွင် စုစုပေါင်းဖြေဆိုသူကျောင်းသား၊ ကျောင်းသူ၃၄၈၉ဦး၊ အလယ်တန်းအဆင့် နဝမတန်းစာမေးပွဲတွင် စုစုပေါင်းဖြေဆိုသူကျောင်းသား၊ ကျောင်းသူ ၂၄၃၁ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံး၏ထုတ်ပြန်ချက်အရ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၆:၀၀ နိုင်ငံတော်သီချင်း
၂။ ၀၈:၀၀ မြဝတီနေ့စဉ်သတင်း
၃။ ၀၈:၃၀ မောင်မယ်လေးများသိစေချင်
၄။ ၀၉:၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅။ ၁၀:၁၅ နိုင်ငံတကာသတင်း
၆။ ၁၁:၃၀ သီချင်းလက်ဆောင်
၇။ ၁၄:၁၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၈။ ၁၅:၁၅ တစ်ချိန်ကသူတို့အကြောင်း
၉။ ၁၆:၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၁၀။ ၁၇:၁၅ မှတ်သားလိုက်နာပုံပမာ
၁၁။ ၁၈:၀၀ နုပျိုလှပကျန်းမာဖို့လမ်းညွှန်ကြပါစို့

# နေပြည်တော်အတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မိုးစပါး ၃၀၃ ဧကအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ သွင်းအားစုဖိုးလိုငွေများ ပေးအပ်ခြင်းအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်

နေပြည်တော် မတ် ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မိုးစပါး ၃၀၃ ဧကအတွက်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ သွင်းအားစုဖိုးလိုငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပန်းတိုင်အထွက်နှုန်းများတိုးတက်ရရှိရေး၊မျိုးကောင်းမျိုးသန့်များသုံးစွဲရေး၊ သဘာဝမြေဩဇာများပြုလုပ်သုံးစွဲရေးတို့ကို အလေးထားဆောင်ရွက်စေလိုကြောင်း၊ ဆက်လက်၍ နွေစပါးနှင့် နွေသီးနှံများကို လျာထားစိုက်ဧကများထက် ပိုမိုစိုက်ပျိုးနိုင်ရေးကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ စားသုံးကုန်ပစ္စည်းများကို ဒေသတွင်း လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်ကောင်စီအတွင်းရေးမှူးနှင့် ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်အတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မိုးစပါး ၃၀၃ ဧကအတွက်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ပေးအပ်သည့် သွင်းအားစုဖိုးငွေများကို ပေးအပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(၅၀၀)

---

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၅၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် မတ် ၃

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ် နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကိုစစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၅၃ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါထိန်းသိမ်းထားသည့်ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီးဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်းဦးရေ ၃၇၂၇ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ကာ ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၉၇၀ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင်ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့်ဝင်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်စဉ်။

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၃-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၃၀ | ၃၃၄၀ | ၃၃၁၀ | ၃၂၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၈၀ | ၃၃၀၀ | ၄၅၀၅ | ၃၅၉၀ | ၃၃၁၅ | ၃၃၂၀ | ၃၃၈၅ | ၃၃၅၀ | ၃၃၇၅ | ၃၆၃၀ |
| 95 Ron | ၃၂၈၀ | ၃၃၉၀ | ၃၃၆၀ | ၃၂၉၅ | ၃၄၀၀ | ၃၄၁၅ | ၃၄၃၀ | ၃၃၅၀ | ၄၅၆၀ | ၃၆၄၀ | ၃၃၆၅ | ၃၃၇၀ | ၃၄၄၀ | ၃၄၀၀ | ၃၄၂၅ | ၃၆၈၀ |
| HSD (500 ppm) | ၂၇၆၀ | ၂၈၇၀ | ၂၈၄၀ | ၂၇၇၀ | ၂၈၈၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၃၀ | - | ၃၁၂၀ | ၂၈၄၅ | ၂၈၄၅ | ၂၉၁၅ | ၂၈၈၀ | ၂၉၀၅ | ၃၁၆၀ |
| HSD (50 ppm) | ၃၄၁၀ | ၃၅၂၀ | ၃၄၈၅ | ၃၄၂၀ | ၃၅၂၅ | ၃၅၄၀ | ၃၅၆၀ | ၃၄၈၀ | ၄၈၃၀ | ၃၇၇၀ | ၃၄၉၅ | ၃၄၉၅ | ၃၅၆၅ | ၃၅၃၀ | ၃၅၅၅ | ၃၈၁၀ |
| HSD (10 ppm) | ၃၄၁၀ | ၃၅၂၀ | ၃၄၈၅ | ၃၄၂၀ | ၃၅၂၅ | ၃၅၄၀ | ၃၅၆၀ | ၃၄၈၀ | - | ၃၇၇၀ | ၃၄၉၅ | ၃၄၉၅ | ၃၅၆၅ | ၃၅၃၀ | ၃၅၅၅ | ၃၈၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၅၁ | ၃၁၄၆ |
| 95 Ron | ၃၁၀၀ | ၃၁၉၆ |
| HSD (500 ppm) | ၂၅၉၆ | ၂၆၇၇ |
| HSD (50 ppm) | ၃၂၂၆ | ၃၃၂၀ |
| HSD (10 ppm) | ၃၂၂၆ | ၃၃၂၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**


အရည်အသွေးပြင့်စားသောက်ကုန်များအပါအဝင်ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိလက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART nine mile Showroom
KHA YAE PIN MART


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/၈၈လ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


ပဒုမ္မာဆပ်ပြာ
PADONMAR
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးချစ်လွင်(ကဗျာဆရာကြီး တောသားကြီးလူနိုင်)**
**အမျိုးသားစာပေဆု၊ ပခုက္ကူစာပေတစ်သက်တာဆု**
**စာပေထူးချွန်(တတိယအဆင့်)**
**အသက်(၉၆)နှစ်**

မြဝတီစာပေတိုက်၏ ပင်တိုင်ကဗျာဆရာကြီးတစ်ဦးဖြစ်သူ ဆရာကြီးဦးချစ်လွင်(တောသားကြီးလူနိုင်)၊ အသက်(၉၆)နှစ်သည် ၂-၃-၂၀၂၅ ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြဝတီစာပေတိုက်မိသားစု

**ဖခင်အမည်မှန်**

နတ်မောက်မြို့နယ်၊ အ.ထ.က ပင်းမြို့၊ Grade-9 တွင် ပညာသင်ကြားနေသော မောင်ရဲနောင်နှင့် မောင်ရဲနိုင်တို့၏ဖခင်အမည်မှန်မှာ ဦးသန်းကျော်ဝင်း ၈/နမန(နိုင်)၁၀၁၄၇၆ ဖြစ်ပါကြောင်း။ **ဦးသန်းကျော်ဝင်း**

# သစ်တောထိန်းသိမ်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရွာ နိုင်ငံသာ၏

**ပျောက်ဆုံးကြောင်း**

အောင်ခင်မြင့်(ဘ)ဦးညီပုလေး ၁၁/သတန(နိုင်)၀၁၇၄၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

မွန်မွန်အောင်(ဘ)ဦးသန်းဆွေ ၈/ဆပဝ(နိုင်)၀၅၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပျော်ဘွယ်မြို့နယ်၊ ရွှေညောင်ဖူးကျေးရွာနေ မကေသွယ်ဝင်း၏မိခင် ဒေါ်ခိုင်(ခ)ဒေါ်သင်းသင်းခိုင် ၉/ပဘန(နိုင်)၁၁၈၆၁၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်ခိုင်(ခ)ဒေါ်သင်းသင်းခိုင်**

**ပျောက်ဆုံးကြောင်း**

မင်းနိုင်ဦး(ဘ)ဦးပွလေး ၉/မလန(နိုင်)၁၂၉၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**

အေးစုနွယ်(ဘ)ဦးဇော်မင်းဦး ၉/သပက(နိုင်)၀၉၅၂၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

နန်းဂွမ်ခမ်းဖေါင်(ဘ)ဦးခမ်းခေါင် ၁၃/လရန(နိုင်)၁၄၉၈၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ရီရီစိုး(ဘ)ဦးမောင်ရွှေ ၅/တမန(နိုင်)၀၀၂၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၉၇၈၂၉၆

**ပျောက်ဆုံးကြောင်း**

ဒေါ်မေချော(ဘ)ဦးမောင်လေး ၁၁/သတန(နိုင်)၀၅၃၂၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

နော်မေသန်းဦး(ဘ)ဦးသာကြည် ၁၄/ဇလန(နိုင်)၁၉၈၆၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 644883)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဒေါ်စန္ဒာနွယ်(ဘ)ဦးစံမြိုင် ၇/ဖမန(နိုင်)၀၉၁၂၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ကျော်ဇင်မင်း(ဘ)ဦးမူး ၅/ရဘန(နိုင်)၁၅၁၇၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**အမည်ပြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နေ (ဘ)ဦးညဏ်ထွန်း ၇/နတလ(နိုင်)၀၈၆၉၃၈ ၏သား မောင်ရဲရင့်ဟိန်းအား မောင်ကောင်းဆက်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းဆက်သူ**

**ပျောက်ဆုံးကြောင်း**

နိုင်လင်းထွန်း(ဘ)ဦးသောင်းစိန် ၁၂/တတန(နိုင်)၁၆၉၉၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

သော်ဇေယံ(ဘ)ဦးပြည်စိုး ၁၂/ဒဂန(နိုင်)၀၃၅၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၉၀၆၈၇၆၀

**ပျောက်ဆုံးကြောင်း**

ကျော်ဇင်သန့်(ဘ)ဦးကော်ကိုင်ဖူ ၉/ပဥလ(နိုင်)၈၇၀၆၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

နော်ရှီလာရှိုင်း(ဘ)စောထုတော ၁၄/ပပတ(နိုင်)၂၃၃၈၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 448879)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၁၇၈၇၂၆၅

**ပျောက်ဆုံးကြောင်း**

နှင်းနှင်းစိုး(ဘ)ဦးခင်မောင်မြင့် ၈/ရစက(နိုင်)၂၀၇၈၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 712841)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၃၃၇၅၇၂၉

**ပျောက်ဆုံးကြောင်း**

တွမ်ကြောက်ချင်း(ဘ)ဦးတွမ်ကြောက်ချင်း ၁၃/လရန(နိုင်)၂၇၂၉၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၉၀၃၃၆၃၂

**ပျောက်ဆုံးကြောင်း**

ဦးဝင်းမောင်(ဘ)ဦးအီစွတ် ၁၂/သဃက(နိုင်) ၂၀၄၉၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 503509)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၉၆၀၂၁၄

**ပျောက်ဆုံးကြောင်း**

ဦးစောလှဖြူ(ဘ)ဦးမောင်ကျော့ ၁၂/ကမတ(နိုင်)၀၅၈၈၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

မောင်မောင်ထွန်း(ခ)အဂ္ဂ(ဘ)ဦးတင်လေး ၁၂/ကမတ(နိုင်)၀၃၀၉၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

အောင်မျိုးလွင်(ဘ)ဦးဘဇံ ၁၂/ကတတ(နိုင်)၀၁၇၂၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၈၁၀၅၉၃၃

**ပျောက်ဆုံးကြောင်း**

ကြံခင်းမြို့နယ်၊ သောကြာဒူးအုပ်စု၊ သောကြာဒူးရွာနေ မခင်စန်းမြင့်(ဘ)ဦးဝင်းမြင့် ၁၄/ကခန(နိုင်)၁၀၆၃၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၇၀၉၈၁၃၀

**ပျောက်ဆုံးကြောင်း**

ကျောက်ပန်းတောင်းမြို့နေ မနှင်းနှင်းလှိုင်(ဘ)ဦးသန့်ဇင်ဦး ၉/ကပတ(နိုင်)၂၇၅၅၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 667492)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၀၄၄၄၁၂၀

**ပျောက်ဆုံးကြောင်း**

ဆောင်ကြူ(ဘ)ဦးလီကျူံဆန် ၁၃/ကခန(နိုင်)၀၁၄၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၆၆၉၈၉၄၆

**ပျောက်ဆုံးကြောင်း**

ယုနန္ဒာဦး(ဘ)ဦးကိုကိုဦး ၆/ကသန(နိုင်)၀၈၆၀၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 784284)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၅၆၂၇၅၄၈

**ပျောက်ဆုံးကြောင်း**

မြတ်သူစိုး(ဘ)ဦးတင်ဦး ၁၂/သဃက(နိုင်)၀၃၇၄၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၆၅၀၁၀၄၇

**ပျောက်ဆုံးကြောင်း**

ဟန်နီဝင်းဝင်း(ဘ)ဦးတွမ်ပီကွေ ၁၃/လရန(နိုင်)၂၇၂၉၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၉၀၃၃၆၃၂

**"နေခြည်ဝင်းပြည့်ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)၊ ပုဒ်မ(က)၊ ပုဒ်မခွဲငယ်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်"**

၁။ နေခြည်ဝင်းပြည့်ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန်(၃-၃-၂၀၂၅)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသောသာမန်ထက်ထူးကဲသည့်အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင်(နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၅၂၈၇)အားခန့်ထားရန်ဆုံးဖြတ်ကြပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၂-၄-၂၀၂၅)နေ့ နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးဝင်းရွှေ** | **ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)** |
| **(အုပ်ချုပ်မှုဒါရိုက်တာ)** | **အမှတ်(၁၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇)လွှာ၊** |
| **နေခြည်ဝင်းပြည့်ကျောက်စိမ်း** | **Sea Green Tower၊ မဟာဗန္ဓုလလမ်းနှင့်** |
| **နှင့် ကျောက်မျက်ရတနာ** | **ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊** |
| **ကုမ္ပဏီလီမိတက်** | **ရန်ကုန်တိုင်းဒေသကြီး။** |

**ပျောက်ဆုံးကြောင်း**

ဘိုအောင်ထွန်း(ဘ)ဦးတင်ဦး ၉/ကပတ(နိုင်)၂၆၈၃၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 036517)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဗန်ဆွေးထအဲမ်(ဘ)ဦးဆွီးနယ်ထန်း ၅/ကလထ(နိုင်)၂၉၅၂၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 035402)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၅၉၈၅၇၅၃

**ပျောက်ဆုံးကြောင်း**

ဝင်းနိုင်(ဘ)ဦးမောင်မောင် ၁၂/လမန(နိုင်)၁၅၅၅၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၃၈၂၅၆

**ပျောက်ဆုံးကြောင်း**

မောင်ဟန်လီချွန်(ဘ)ဦးကျွန်းရုံး ၁၃/မဆတ(နိုင်)၀၄၇၈၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 515974)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အစုရှယ်ယာလျှော့ချခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ကျွန်တော်များ "MISHBELL COMPANY LIMITED" ဒါရိုက်တာ၏ အစုရှယ်ယာရှင်အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရမတည်ငွေအား ကျပ်သိန်း ၅၀,၀၀၀,၀၀၀/-(ကျပ်သိန်းငါးရာတိတိ)မှ ကျပ်သိန်း ၅,၀၀၀,၀၀၀/-(ကျပ်သိန်းငါးဆယ်တိတိ)သို့လျှော့ချသွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။

MISHBELL COMPANY LIMITED
DAW DAWT DIM

**ပျောက်ဆုံးကြောင်း**

သီဟရဲနိုင်(ဘ)ဦးမောင်နိုင် ၁၂/မဘန(နိုင်)၂၂၅၅၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 623367)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ထားထားကြည်(ဘ)ဦးတင်အေး ၈/ငဖန(နိုင်)၀၃၃၄၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 190171)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၆၈၃၁၀၁၀

**ပျောက်ဆုံးကြောင်း**

မောင်မောင်(ခ)မောင်မောင်ညွှန့်(ဘ)ဦးညွှန့်မောင် ၁၂/ကတတ(နိုင်)၀၂၈၀၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မီမီခဲ(ဘ)ဦးထွန်းမြင့် ၉/မကန(နိုင်)၁၂၅၆၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မီမီသဲခိုင်(ဘ)ဦးကျုန်ဖူချိုင်(ခ)ဦးထွန်းမြင့် ၉/မကန(နိုင်)၁၁၆၈၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဒေါ်ခရစ္စတင်းဗန်ကျဲရ်မွေး(ဘ)ဦးလျန်မန်း ၄/ဖလန(နိုင်)၀၃၉၁၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၆၈၃၁၀၁၀

PWINT KABAR KYAW COMPANY LIMITED
**ပွင့်ကမ္ဘာကျော် ကုမ္ပဏီလီမိတက်**
**မတည်ငွေရင်းလျှော့ချကြောင်း ကြေညာခြင်း**

ကျွန်တော်များ PWINT KABAR KYAW COMPANY LIMITED သည် ကုမ္ပဏီမှတ်ပုံတင်အမှတ်(112515488)ဖြင့် မှတ်ပုံတင်ထားသည့်ကုမ္ပဏီဖြစ်ပါသည်။ ယခုအခါ ကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးနုတ်ထွက်သွားပါသဖြင့် မတည်ရင်းနှီးငွေ(Paid Up Capital)အား ကျပ် ၆၀,၀၀၀,၀၀၀ မှ ၄၅,၀၀၀,၀၀၀ သို့ လျှော့ချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ပျောက်ဆုံးကြောင်း**

ကျောက်ပန်းတောင်းမြို့နေ မဖြိုးအိဝေ(ဘ)ဦးဝင်းအောင် ၉/ကပတ(နိုင်)၁၀၅၄၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 653554)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၄၆၉၀၀၁၈

**ပျောက်ဆုံးကြောင်း**

မအူပင်မြို့၊ ရွာသစ်စု၊ ထနီးနေ မနှင်းပွင့်ပွင့်ငြိမ်း(ဘ)ဦးမင်းမင်းထွန်း ၁၄/မအပ(နိုင်)၂၄၂၁၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 562773)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၀၄၄၄၁၂၀

**ပျောက်ဆုံးကြောင်း**

ကျောက်ပန်းတောင်းမြို့နေ မနွေးနွေးလှိုင်(ဘ)ဦးသန့်ဇင်ဦး ၉/ကပတ(နိုင်)၂၇၅၅၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 667493)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၀၄၄၄၁၂၀

**ပျောက်ဆုံးကြောင်း**

ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ (၁၁)လမ်း၊ ၂၇/၂၀၁ နေ ကျိန်စမ်းနွမ်း(ဘ)ဦးဝမ်ဇမန် ၅/ကလထ(နိုင်)၁၂၄၉၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၀၄၄၄၁၂၀

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ နယ်မြေ(၃)၊ ကံဦးရပ်၊ မန္တလေးလမ်း၊ ဦးပိုင်အမှတ်(၁၃-၉)နေ၊ ဦးမင်းမင်း(၉/မထလ(နိုင်)၀၃၅၄၈၄)ကိုင်ဆောင်သူမှ(အလျား ၂၄'-၀"x အနံ ၁၅'-၀") Steel Structure(၁)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းမကြီးဘေးလမ်း၊ ဦးပိုင်အမှတ်(၃၀)၊ မြေကွက်အမှတ်(၃၀)နေ၊ ဒေါ်တင်မျိုးအေး(၉/မထလ(နိုင်)၁၆၈၉၆၈)ကိုင်ဆောင်သူမှ ဝိုင်းမြေ၏(၆၀'-၀")အား အုတ်ဝန်းခြံကာရံခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**အစုရှယ်ယာလျှော့ချခြင်း**

ကျွန်တော်တို့၏ IMPERIAL HILL COMPANY LIMITED ၏အစုရှယ်ယာတန်ဖိုးအား ကျပ်(200,000,000)မှ ကျပ်(15,000,000)သို့ ပြင်ဆင်လျှော့ချလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဟံသာဝတီရပ်ကွက်နေ ဒေါ်မြင့်မြင့်ခိုင်(ဘ)ဦးမင်းသူ ၇/ပခန(နိုင်)၀၈၄၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၁၂၃၃၇၀

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ ပန်းတိမ်တန်းရပ်၊ စာတိုက်လမ်း၊ ဦးပိုင်အမှတ်(၁၁-ခ)၊ မြေကွက်အမှတ်(၃၀/၂၀၀)နေ ဒေါ်ဖြူဖြူခင်(၉/မထလ(နိုင်)၀၁၇၆၉၇)ကိုင်ဆောင်သူမှ(အလျား ၁၈'-၀"x အနံ ၅၄'-၀")RC(၂)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်၊ နယ်မြေ(၃)၊ မြသီတာလမ်းနေ၊ ဦးပိုင်အမှတ်(၉)၊ မြေကွက်အမှတ်(၁၅)နေ၊ ဦးကျော်လေး(၉/မထလ(နိုင်)၀၀၄၈၅၄)ကိုင်ဆောင်သူမှ(အလျား ၁၀'-၀"x အနံ ၅၅'-၀")RC(၂)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ပျောက်ဆုံးကြောင်း**

ဘားအံမြို့၊ အမှတ်(၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ မလှသိန်း(ဘ)ဦးဆန်အိုး ၃/ဘအန(နိုင်)၁၇၈၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၉၇၀၀၂၆၉

**ပျောက်ဆုံးကြောင်း**

ဟသ်္သာတမြို့၊ တာငါးဆယ်တောင်ရပ်ကွက်၊ ကမ်းနားလမ်းနေ ကျော်ဇင်ဝင်း(ဘ)ဦးထိပ်တင်ဝင်း ၁၄/ဟသတ(နိုင်)၂၈၉၄၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၀၂၈၈၁၄

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့် အမျိုးသမီးစစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၅-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ် ထက်မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း (သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများ နှင့်အတူ ၃-၃-၂၀၂၅ ရက်နေ့မှ ၂၂-၄-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက် လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထား ခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကို ခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံ လစာ (၁၅၀၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။







# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**မတ်လ ၁ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yangon Truck (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့နယ်၊ အုန်းတပင်ကျေးရွာ၊ မိဘဂုဏ်သူငွေးသမီး ကုန်စုံဆိုင်ရှိ ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၄၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၆၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးနှင့် သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၅၅၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီးနှင့် Hino Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၆၅၅၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁ ရက်နှင့် ၂ ရက်**တို့တွင် ဖျာပုံမြို့နယ်၊ မြောင်းမြမြို့နယ်နှင့် မအူပင်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပုသိမ်ခရိုင်နှင့် မြန်အောင်ခရိုင်တို့အတွင်း၌ တရားမဝင်အခြားသစ် (၇ ဒသမ ၉၃၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၃၂၅၉)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၂၃၂၅၉)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **မတ်လ ၂ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Daihatsu Hijet မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်၌ လိုင်စင်မဲ့ Honda CRV မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ လှည်းကူးမြို့နယ်၊ ဟိုင်းကူးကျေးရွာအနီး၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၈၆၅) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၅၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၄၃၂၅၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၂၅၈၂၄)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လေယာဉ်ခရီးစဉ်အမှတ် (UB-004/ SF-2027)ဖြင့် လိုက်ပါလာသော မြန်မာနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၁၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၇၃၅၈၂၄)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ်လ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၃၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၄၄၆၅၈၃)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)



ကရင်ပြည်နယ်၌ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ဖမ်းဆီးရမိမှု။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

❖ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကိုတွေ့ရ . . .

❖ သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၄)တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာထေရဝါဒဗုဒ္ဓစင်တာသို့သွားရောက်၍ ဆရာတော်များအား ဖူးမြော်ကြည်ညို

နေပြည်တော် မတ် ၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)တို့ လိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာသို့သွားရောက်၍ ဆရာတော်အား ဖူးမြော်ကြည်ညိုသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်စကိုမြို့၊ မြန်မာထေရဝါဒဗုဒ္ဓစင်တာသို့ရောက်ရှိကြပြီး သဒ္ဓမ္မဇောတိကသိမ်တော်အတွင်း၌ ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ အစ္ဆရိယအားဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ သီတင်းသုံးနေထိုင်ရမှုနှင့်သွားလာရေးအခြေအနေများ၊ ထေရဝါဒဗုဒ္ဓစင်တာအတွက် လိုအပ်ချက်များ၊ ရုရှားနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးနှင့်ပတ်သက်၍ သာသနာပြုလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ မေးမြန်းလျှောက်ထားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောင်းထိုင်ဆရာတော်ကြီးနှင့်

စာမျက်နှာ ၁၅ ကော်လံ ၁ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်စကိုမြို့ မြန်မာထေရဝါဒဗုဒ္ဓစင်တာ သဒ္ဓမ္မဇောတိကသိမ်တော်အတွင်း၌ ကျောင်းထိုင်ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအစ္ဆရိယထံ နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

